# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် ဩဂုတ်လ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉) ၊ အမှတ်(၁၀၉)၊ ၁၃၈၇ ခုနှစ် ၊ တန်ခူးလဆန်း ၂ ရက် ၊ ၁၉-၃-၂၀၂၆၊ ကြာသပတေးနေ့။


### မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

မျက်စိဖြင့်(အကုသိုလ် မဖြစ်အောင်)စောင့်စည်းခြင်းသည် ကောင်း၏။ နားဖြင့် စောင့်စည်းခြင်းသည် ကောင်း၏။ နှာခေါင်းဖြင့် စောင့်စည်းခြင်းသည် ကောင်း၏။ လျှာဖြင့် စောင့်စည်းခြင်းသည် ကောင်း၏။ (ဓမ္မပဒ)

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

## ကဏ္ဍပေါင်းစုံ၊ ဘက်ပေါင်းစုံမှ အသိပညာရှင် အတတ်ပညာရှင်များ၊ တိုင်းရင်းသားပြည်သူများက ထွက်ပေါ်လာမည့် နိုင်ငံတော်အစိုးရအသစ်နှင့်အတူ စည်းလုံးညီညွတ်စွာဖြင့် တက်တက်ကြွကြွပူးပေါင်းဆောင်ရွက်

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ထံမှ (၅၂)နှစ်မြောက် မွန်ပြည်နယ်နေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာ

ချစ်ကြည်လေးစားအပ်ပါသော မွန်ပြည်နယ်အတွင်းရှိ တိုင်းရင်းသား မိဘပြည်သူညီအစ်ကိုမောင်နှမများခင်ဗျား

ယနေ့ ၂၀၂၆ ခုနှစ်၊ မတ်လ ၁၉ ရက်နေ့တွင် ကျရောက်သည့် (၅၂)နှစ်မြောက် မွန်ပြည်နယ်နေ့ နေ့ထူးနေ့မြတ်အခါသမယ၌ မွန်ပြည်နယ်နှင့် ဒေသအသီးသီးရှိ မွန်တိုင်းရင်းသား သွေးချင်းညီအစ်ကိုမောင်နှမများအပါအဝင် နိုင်ငံတစ်ဝန်းရှိ ပြည်ထောင်စုဖွား တိုင်းရင်းသားပြည်သူများအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာပါစေကြောင်းနှင့် ကောင်းကျိုးလိုအင်ဆန္ဒများပြည့်ဝကြပါစေကြောင်း ဆုမွန်ကောင်းတောင်း မေတ္တာပို့သအပ်ပါသည်။

စာမျက်နှာ ၄ သို့ ☆

# နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

## တပ်မတော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှုများကို ယခုထက်ပိုမိုတိုးတက်အောင် ဆက်လက်ဆောင်ရွက်သွားမည့်အခြေအနေများနှင့်ပတ်သက်၍ ရင်းရင်းနှီးနှီးဆွေးနွေး

နေပြည်တော် မတ် ၁၈

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Ukris Boontanondha ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အတူ ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကော်မရှင်အတွင်းရေးမှူး ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊

စာမျက်နှာ ၃ သို့ ✣



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Ukris Boontanondha အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

၂၀၂၆ ခုနှစ်၊ မတ် ၁၉ ရက်၊ ကြာသပတေးနေ့။

မန္တလေး

# မီးခိုးမြူငွေ့ လေထုညစ်ညမ်းမှု တားဆီးကာကွယ်ရေးဆိုင်ရာများ ဆောင်ရွက်လျက်ရှိ

နှစ်စဉ် မီးခိုးမြူငွေ့မြင့်တက်လေ့ရှိသည့် မတ်လ၊ ဧပြီလနှင့် မေလများအတွက် Fire Hotspot လျှော့ချနိုင်ရေး လုပ်ဆောင်ရမည့်လုပ်ငန်းစဉ်များကို လုပ်ဆောင်နိုင်ရန် ဖြစ်ကြောင်း၊ Fire Hotspot ဖြစ်ပေါ်မှုသည် ရာသီဥတုပူပြင်းခြောက်သွေ့သည့် နှစ်များတွင် ပိုမိုဖြစ်ပေါ်လေ့ရှိပြီး နှစ်စဉ်ဇန်နဝါရီလမှ မေလအတွင်း မီးခိုးမြူငွေ့ ညစ်ညမ်းမှုများ ဖြစ်ပေါ်လေ့ရှိရာ နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ လေထုညစ်ညမ်းမှုသည် နယ်နိမိတ်ချင်းထိစပ်နေသည့် နိုင်ငံများအကြား မကြာခဏ ကြုံတွေ့ရလေ့ရှိသဖြင့် ပွင့်လင်းရာသီမရောက်မီ ထိန်းချုပ်လျှော့ချရေးလုပ်ငန်းစဉ်များကို အလေးထားပြီး ဆောင်ရွက်ရမည်ဖြစ်ကြောင်း မြန်မာ-ထိုင်းနယ်နိမိတ်ဖြတ်ကျော် မီးခိုးမြူငွေ့လေထုညစ်ညမ်းမှု တားဆီးကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဖြေရှင်းဆောင်ရွက်ရေးကော်မတီဥက္ကဋ္ဌ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်မျိုးသန့်ကမတ် ၁၇ ရက် မွန်းလွဲပိုင်းတွင် ကာကွယ်ရေး ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် မြန်မာ-ထိုင်းနယ်နိမိတ်ဖြတ်ကျော် မီးခိုးမြူငွေ့ လေထုညစ်ညမ်းမှု တားဆီးကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဖြေရှင်းဆောင်ရွက်ရေးကော်မတီ(၁/၂၀၂၆)လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် ပြောကြားသည်။

၂၀၂၅ ခုနှစ်အတွင်း မြေပြင်ကွင်းဆင်းစစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ရာ အဓိက မီးလောင်မှုဖြစ်ပေါ်ရသည့် အကြောင်းရင်းများ အနေဖြင့် အများစုမှာ တောမီးလောင်ကျွမ်းမှု၊ တောင်ယာခုတ်ထွင်ရှင်းလင်းရန် မီးရှို့မှုနှင့် လယ်ယာထွက်ကုန်ပစ္စည်းများမီးရှို့မှုတို့ကြောင့် ဖြစ်သဖြင့် မြေပြင်ကွင်းဆင်းစစ်ဆေးခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။

ဒုတိယဝန်ကြီးက ဆက်လက်ပြောကြားရာတွင် Fire Hotspot လျှော့ချရေးနှင့် နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှုထိန်းချုပ်ရေးအတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် Fire Hotspot ဖြစ်ပေါ်မှုအရေအတွက်၊ သိပ်သည်းဆပေါ်မူတည်၍ ဦးစားပေးဒေသများ သတ်မှတ်ပြီး ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးခြင်းအစား ကုန်းမြင့်လယ်ယာ စိုက်ပျိုးခြင်း၊ စိုက်ပျိုးရေးစွန့်ပစ်ပစ္စည်းများမှ မြေဩဇာပြုလုပ်ခြင်း၊ သစ်တောအတွင်း မီးမဆင်မခြင်အသုံးပြုမှုကို တားဆီးခြင်း၊ ဒေသခံပြည်သူများအား အသိပညာပေးခြင်း၊ Fire Hotspot ဖြစ်ပေါ်မှုအခြေအနေအား စောင့်ကြည့်လေ့လာခြင်း၊ ဝန်းကျင်လေထုအရည်အသွေးတိုင်းတာခြင်း၊ မီးခိုးမြူငွေ့ညစ်ညမ်းမှုဖြစ်ပေါ်လာပါက ဆောင်ရွက်ရမည့် အစီအမံများချမှတ်ခြင်း၊ ဓာတ်တိုက်လေ့ကျင့်ခြင်း စသည့်လုပ်ငန်းစဉ်များကို စဉ်ဆက်မပြတ်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်းပြောကြားသည်။

မီးခိုးမြူငွေ့လေထုညစ်ညမ်းမှု တားဆီးကာကွယ်ရေးဆိုင်ရာများပူးပေါင်းဆောင်ရွက်လျက်ရှိရာတွင် ရိုးပြတ်များမီးရှို့ခြင်း၊ ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးခြင်း၊ သစ်တောအတွင်း မီးမဆင်မခြင် အသုံးပြုခြင်းတို့ကို ထိန်းချုပ်ခြင်းနှင့် အသိပညာပေးလုပ်ငန်းများကို ကျေးလက်ဒေသများတွင် အလေးထားဆောင်ရွက်နိုင်ရေးနှင့် Fire Hotspot ကွင်းဆင်းစစ်ဆေးတွေ့ရှိခဲ့သည့် ဒေသများတွင် တောင်ယာမီးမရှို့ရေးနှင့် ရိုးပြတ်များမီးမရှို့ရေးတို့ကို ကြိုတင်အသိပေး ဆောင်ရွက်နိုင်ရေးကိစ္စနှင့် မြေပြင်ကွင်းဆင်းစစ်ဆေးရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိပြီးဒေသအလိုက် Fire Hotspot စောင့်ကြည့်ခြင်းနှင့် လေထုအရည်အသွေးတိုင်းတာခြင်းများလည်း ပုံမှန်ပြုလုပ်၍ သက်ဆိုင်ရာဌာနများအကြား ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်းများလည်း ဆက်လက်ပြုလုပ်သွားရန်လိုကြောင်း ရေးသားလိုက်ရပေသည်။

## ပြည်ထောင်စုတရားစီရင်ရေးဥပဒေကို ပဉ္စမအကြိမ် ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ
ပြည်ထောင်စုတရားစီရင်ရေးဥပဒေကို ပဉ္စမအကြိမ် ပြင်ဆင်သည့်ဥပဒေ
( အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီဥပဒေအမှတ် ၂၀ / ၂၀၂၆ )
၁၃၈၇ ခုနှစ်၊ တန်ခူးလဆန်း ၁ ရက်
(၂၀၂၆ ခုနှစ်၊ မတ်လ ၁၈ ရက်)

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၂၇ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ပြည်ထောင်စုတရားစီရင်ရေးဥပဒေကို ပဉ္စမအကြိမ် ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ပြည်ထောင်စုတရားစီရင်ရေးဥပဒေ ပုဒ်မ ၂၃ ပုဒ်မခွဲ (ဂ) တွင် ပုဒ်မခွဲငယ် (၂) ကို ပယ်ဖျက်ရမည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇ အရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ယာယီသမ္မတ

## နိုင်ငံတော်က ချီးမြှင့်သည့် လူမှုထူးချွန်ဆု ရရှိကြသူများအား မြို့နယ်စာရေးဆရာအသင်းနှင့် စာပေချစ်သူများက ထပ်ဆင့်ဂုဏ်ပြု



**မန္တလေး မတ် ၁၈**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီက(၁၄-၁၁-၂၀၂၅) နေ့စွဲပါ အမိန့်အမှတ် (၂၀၃/၂၀၂၅)ဖြင့်လူမှုထူးချွန် (ပထမအဆင့်) ဂုဏ်ထူးဆောင် တံဆိပ်ရရှိသော မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ စာရေးဆရာအသင်း အတွင်းရေးမှူး ဦးမြဝေ(ခ)ဦးမြင့်ဆွေ(မောင်မြဝေ-ယောမင်းကြီး)အားလည်းကောင်း၊ လူမှုထူးချွန်(တတိယအဆင့်) ဂုဏ်ထူးဆောင်တံဆိပ် ရရှိသော အသင်းဝင်ဦးမောင်ဝင်း (ဝင်းတိုး-စီမံ-၁၆၊ မော်ဘီ) အားလည်းကောင်း၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ကချီးမြှင့်သည့် ရတနာပုံလူမှုထူးချွန်ဆု တတိယအဆင့် ရရှိသော ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ်ဦးစီးအရာရှိ ဒေါ်စံပယ်တို့အား အောင်မြေသာစံမြို့နယ်စာရေးဆရာအသင်းနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့မှ ထပ်ဆင့်ဂုဏ်ပြုပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲက မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ၈၆လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြားရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး Community Centre ခန်းမ၌ ကျင်းပပြုလုပ်သည်။

အခမ်းအနားသို့ မြို့နယ်စာရေးဆရာအသင်းနာယကများ၊ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ စာပေချစ်သူများ၊ စာပေဝါသနာရှင်များ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးအရာရှိ ဒေါ်စံပယ်နှင့် ဝန်ထမ်းများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြို့နယ်စာရေးဆရာအသင်း နာယက ဦးကံလှ (ဇေယျာဦး)နှင့် မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးရွှေမော်တို့က ဂုဏ်ပြုစကားပြောကြားကြပြီး တက်ရောက်လာကြသူများက ဂုဏ်ထူးဆောင်ဆုရရှိကြသူများအား ဂုဏ်ပြုမှတ်တမ်းနှင့် အမှတ်တရလက်ဆောင်များ ပေးအပ်ကြရာ မြို့နယ်စာရေးဆရာအသင်းအတွင်းရေးမှူး ဦးမြဝေ(ခ)ဦးမြင့်ဆွေ(မောင်မြဝေ-ယောမင်းကြီး)က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် နာယက ဦးလှဘော်၊ ဥက္ကဋ္ဌ ဦးရွှေမော်၊ အဖွဲ့ဝင် ဦးစမ်းကြိုင်(အိမ်တင်အေး)တို့က မုဒိတာစကားပြောကြားခဲ့ကြကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(၀၉၃)

## မန္တလေးတိုင်းဒေသကြီးအတွင်း ၂၀၂၆ ခုနှစ် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲ ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းမြေ့စွာဖြင့် ဖြေဆို

**မန္တလေး မတ် ၁၈**

၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲများကို မတ် ၁၁ ရက်မှ စတင်ကျင်းပခဲ့ရာ မတ် ၁၇ ရက်တွင် ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲနှင့် မတ် ၁၈ ရက်တွင် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးတက္ကသိုလ်ဝင်စာမေးပွဲများ အောင်မြင်စွာ ကျင်းပ ပြီးဆုံးခဲ့ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ သတ်မှတ်စာစစ်ဌာနများ၌ ကျောင်းသား၊ ကျောင်းသူများ သက်ဆိုင်ရာ ဘာသာရပ်အသီးသီးကို စိတ်အေးချမ်းမြေ့စွာဖြင့် ဖြေဆိုခဲ့ကြသည်။

မန္တလေးတိုင်းဒေသကြီး အတွင်း ၂၀၂၆ ခုနှစ် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးတက္ကသိုလ်ဝင်စာမေးပွဲ၌ ကျောက်ဆည်မြို့နယ်၊ မိတ္ထီလာမြို့နယ်၊ပျော်ဘွယ်မြို့နယ်နှင့် ကျောက်ပန်းတောင်းမြို့နယ်တို့တွင် စုစုပေါင်း စာစစ်ဌာန(၆)ခု ဖွင့်လှစ်ထားရှိပြီး မတ် ၁၈ ရက်တွင် စက်မှုကျောင်းသား၊ ကျောင်းသူများက မြို့ပြပုံဆွဲ၊ အခြေခံပရိုဂရမ်မိတ်ဆက်၊ စက်မှုပုံဆွဲ ဘာသာရပ်တို့ကို စိတ်အေးချမ်းစွာဖြင့် ဖြေဆိုကြရာ စုစုပေါင်း ဖြေဆိုသူဦးရေ(၂၆၀)ဦးရှိပြီး ဖြေဆိုမှု(၉၉ ဒသမ ၂၄)ရာခိုင်နှုန်းရှိကြောင်းနှင့် ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းမြေ့စွာဖြင့် ဖြေဆိုနိုင်ရေး၊ သွားလာရေးအဆင်ပြေချောမွေ့စေရေးနှင့် ယာဉ်အန္တရာယ်ကင်းရှင်းစေရေးတို့အတွက် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများက ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

၀-၀-၀-၀-၀

၀-၀-၀

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်

❖ နိုင်ငံတော်လုံခြုံရေးမှ

ကော်မရှင်အဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ရေ၊ လေ) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ပူးတွဲစစ်ဦးစီးချုပ် General Chitchanok Nujjaya နှင့် ထိုင်းဘုရင့်တပ်မတော်မှ အဆင့်မြင့်အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းဘုရင့်ကြည်းတပ်စစ်သံမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံဆွေးနွေးစဉ် နှစ်နိုင်ငံနှင့်တပ်မတော်နှစ်ရပ်အကြား ရှည်ကြာပြီး ကောင်းမွန်သည့်သံတမန်ဆက်ဆံရေးနှင့် ချစ်ကြည်ရင်းနှီးသည့် ပူးပေါင်းဆောင်ရွက်မှုများရှိသည့်အခြေအနေများ၊ နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှုများပိုမိုတိုးမြှင့်ရေး၊ဒေသတွင်းတည်ငြိမ်အေးချမ်းရေးနှင့် နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေး၊ နှစ်နိုင်ငံနယ်စပ်ဒေသမှတစ်ဆင့် တရားမဝင်ကုန်သွယ်မှုများမရှိစေရေးနှင့် မူးယစ်ဆေးဝါးများ တားဆီးနှိမ်နင်းရေး၊ နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှုများကို လျှော့ချနိုင်ရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် တပ်မတော်နှစ်ရပ်အကြား လေ့ကျင့်ရေးဆိုင်ရာကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ အွန်လိုင်းငွေကြေးလိမ်လည်မှုများအား ထိထိရောက်ရောက် ဟန့်တားရှင်းလင်းနိုင်ရေး ပူးပေါင်းဆောင်ရွက်ရန်ကိစ္စရပ်များ၊ မြန်မာ-ထိုင်းတပ်မတော်နှစ်ရပ်အကြား အဆင့်မြင့်အရာရှိကြီးများအစည်းအဝေး(HLC) ကျင်းပပြုလုပ်သွားမည့်အခြေအနေများ၊မြန်မာနိုင်ငံတွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို လွတ်လပ်ပြီး တရားမျှတသည့်ရွေးကောက်ပွဲ၊ သန့်ရှင်းသည့်ရွေးကောက်ပွဲ၊ သိက္ခာရှိသည့် ရွေးကောက်ပွဲအဖြစ် အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ခဲ့ပြီး ယခုအခါ လွှတ်တော်အစည်းအဝေးများ ကျင်းပပြုလုပ်လျက်ရှိမှုအခြေအနေများ၊ ထိုင်းနိုင်ငံတွင်လည်း မကြာမီကာလအတွင်းက ရွေးကောက်ပွဲ ကျင်းပပြုလုပ်ခဲ့ပြီး ယခုအခါ လွှတ်တော်ကျင်းပလျက်ရှိမှုအခြေအနေများ၊မြန်မာ - ထိုင်း နှစ်နိုင်ငံနှင့်တပ်မတော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှုများကို ယခုထက်ပိုမိုတိုးတက်အောင် ဆက်လက်ဆောင်ရွက်သွားမည့်အခြေအနေများနှင့် ပတ်သက်၍ ရင်းရင်းနှီးနှီးဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ပြီး တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ် General Ukris Boontanondha တို့ လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်စဉ်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ် General Ukris Boontanondha နှင့် အခမ်းအနားတက်ရောက်လာကြသူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။





## ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Ukris Boontanondha ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ဝင်များအား နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ကျော်စွာလင်း ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံ

နေပြည်တော် မတ် ၁၈

ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Ukris Boontanondha ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များအား နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းက ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ Jasmine ဟိုတယ်၌ ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

ဦးစွာ ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များသည် နေပြည်တော်ရှိ Jasmine ဟိုတယ်သို့ ရောက်ရှိကြရာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) က ကြိုဆိုနှုတ်ဆက်၍ နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

ထို့နောက် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်အဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)တို့က အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြသည်။

တက်ရောက်

အဆိုပါ ဂုဏ်ပြုနေ့လယ်စာစားပွဲသို့ ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ထိုင်းဘုရင့်တပ်မတော်မှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြပြီး နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တိုင်းစစ်ဌာနချုပ် တိုင်းမှူးတို့ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

☆ ရှေ့ဖုံးမှ

မွန်ပြည်နယ်နေ့သည် ပြည်ထောင်စုဖွား မွန်တိုင်းရင်းသားတို့အတွက် ထူးခြားလေးနက်သော ဝိသေသများနှင့်ပြည့်စုံပြီး ဂုဏ်ယူဖွယ်ရာ မင်္ဂလာရှိသော နေ့တစ်နေ့ဖြစ်ပါသည်။

မွန်ပြည်နယ်သည် မြန်မာနိုင်ငံအောက်ပိုင်း ပဲခူးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးကြားတွင် တည်ရှိပါသည်။ မွန်တိုင်းရင်းသားများ၏ ရှေးအမည်မှာ မွန်ဘာသာဖြင့် **"ရမန်"** ဖြစ်ပြီး အဆင့်ဆင့်ပြောင်းလဲရာမှ "မွန်" ဟုခေါ်ခဲ့ကြောင်း သမိုင်းအထောက်အထားများအရ သိရပါသည်။ မွန်လူမျိုးများ စတင်နေထိုင်ခဲ့ရာ **"ရာမည"** ဒေသဆိုသည်မှာ ပျော်မွေ့ဖွယ်ကောင်းသော အရပ်ဒေသဟု အဓိပ္ပာယ်ရပါသည်။ ရှေးယခင်က ယခုမွန်ပြည်နယ်ဟု သတ်မှတ်ခြင်း မရှိမီက မွန်ပြည်နယ်အဖြစ် ဖွဲ့စည်းထားသော နယ်မြေသည် တနင်္သာရီတိုင်းအတွင်း ပါဝင်ခဲ့သည်။

မွန်ပြည်နယ် သီးသန့်ရရှိစေရေးအတွက် ရာမညတိုင်းလုံးဆိုင်ရာ မွန်အသင်း၊ မွန်တိုင်းရင်းသားအစည်းအရုံး၊ မွန်အမျိုးသားအဖွဲ့ စသည့် မွန်အဖွဲ့အစည်းပေါင်းစုံတို့က မွန်တိုင်းရင်းသားမျိုးနွယ်စု၊ မွန်စာပေနှင့် ကိုယ်ပိုင်ယဉ်ကျေးမှု ထိန်းသိမ်းစောင့်ရှောက်နိုင်ရန်နှင့် ပိုမိုကျယ်ပြန့်စွာ ဆောင်ရွက်နိုင်ရန် အတူတကွကြိုးပမ်းတောင်းခံခဲ့ရာ ၁၉၇၄ ခုနှစ်၊ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ တနင်္သာရီတိုင်း အမှတ်(၁)ကို မွန်ပြည်နယ်အဖြစ် သတ်မှတ်ပေးခဲ့ပါသည်။

ထိုသို့ နိုင်ငံတော်အစိုးရမှ ပြည်နယ်တစ်ခုအဖြစ် သတ်မှတ်ပေးပြီးနောက် မွန်ပြည်နယ်နေ့အထိမ်းအမှတ်နေ့အဖြစ် ကျင်းပသတ်မှတ်နိုင်ရန်အတွက် မွန်ပြည်နယ်အတွင်းရှိ မွန်တိုင်းရင်းသားလူမျိုးများက ၁၉၇၄ ခုနှစ်၊ မတ်လ (၁၉)ရက်နေ့တွင် ဖွဲ့စည်းပုံအခြေခံဥပဒေ(မူကြမ်း)တင်သည့်နေ့ကို မွန်ပြည်နယ်နေ့အဖြစ် သတ်မှတ်ခဲ့ကြပြီး အထိမ်းအမှတ်အခမ်းအနားများကို နှစ်စဉ် စည်ကားသိုက်မြိုက်စွာ ကျင်းပလာခဲ့ရာ ယခု ၂၀၂၆ ခုနှစ်တွင် (၅၂)နှစ်တိုင်ရောက်ရှိခဲ့ပြီး ဖြစ်ပါသည်။

မွန်ပြည်နယ်အတွင်းတွင် မွန်နှင့် ဗမာလူမျိုး အများဆုံး နေထိုင်လျက်ရှိပြီး ကရင်၊ ရှမ်း၊ ပအိုဝ်း စသည့်တိုင်းရင်းသားများလည်း အတူတကွ ချစ်ကြည်အေးချမ်းစွာ နေထိုင်လျက်ရှိပါသည်။ မွန်တိုင်းရင်းသားများသည် မြန်မာနိုင်ငံအတွင်းသို့ အစောဆုံးရောက်ရှိနေထိုင်ခဲ့သော လူမျိုးများတွင် ပါဝင်ပြီး ယဉ်ကျေးမှုအဆင့်အတန်း မြင့်မားခဲ့ကြောင်းနှင့် ဗုဒ္ဓဘာသာကို ဦးဦးဖျားဖျားရရှိခဲ့ကြောင်း ရှေးဟောင်းမွန်ကျောက်စာများနှင့် စာပေအထောက်အထားများစွာက သက်သေခံလျက်ရှိပါသည်။

မွန်ပြည်နယ်အား ခရိုင်(၂)ခရိုင်၊ မြို့နယ်(၁၀)မြို့နယ်ဖြင့် ဖွဲ့စည်းထားရှိရာမှ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တာဝန်ယူပြီးနောက် (၃၀-၄-၂၀၂၂)ရက်နေ့မှစ၍ ခရိုင်(၂)ခရိုင် ထပ်မံတိုးချဲ့ ပြင်ဆင်ဖွဲ့စည်းခဲ့သဖြင့် စုစုပေါင်း ခရိုင်(၄)ခရိုင်၊ မြို့နယ်(၁၀)မြို့နယ်တို့နှင့် တည်ငြိမ်အေးချမ်းရေး၊ စီးပွားရေး၊ လူမှုရေး စသည့်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးတို့ကို တိုးမြှင့်အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိပါသည်။

မွန်ပြည်နယ်သည် ပင်လယ်ကမ်းရိုးတန်းတစ်လျှောက်တွင်တည်ရှိသော ပြည်နယ်တစ်ခုဖြစ်သည့်အပြင် ကုန်ပစ္စည်းကူးသန်းရောင်းဝယ်ရေးအတွက် ကောင်းမွန်သောဆက်သွယ်ရေးလမ်းကြောင်းနှင့် အရေးပါသော ဗဟိုဆိပ်ကမ်းနေရာတစ်ခုလည်းဖြစ်ပါသည်။ ထို့အပြင် ရာသီဥတုမျှတကောင်းမွန်ပြီး ရှုမောဖွယ်ရာ တောတောင်မြစ်ချောင်းများ၊ စိမ်းလန်းစိုပြည်သော သစ်တောများ၊ သဘာဝရေမြေသယံဇာတများ၊ ဒေသထွက်သစ်သီးဝလံများပေါများဖြစ်ထွန်းကြွယ်ဝလျက် ရေခံမြေခံကောင်းမွန်သော ပြည်နယ်တစ်ခုလည်း ဖြစ်ပါသည်။

ဘာသာ၊ သာသနာနှင့်ပတ်သက်၍လည်း မွန်ပြည်နယ်တွင် ထူးခြားထင်ရှားသော ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်မြတ်ကြီး အပါအဝင် ကျိုက်ပေါလောမွဲ့ရှင်တော်ဘုရား၊ ဆံတော်ရှင်ကျိုက်သလ္လံစေတီတော်မြတ်ကြီး၊ ကျိုက်မရောဆုတောင်းပြည့်ဘုရား၊ ကျိုက္ခမိရေလယ်ဘုရား စသည့် သမိုင်းဝင်တန်ခိုးကြီး ဘုရားစေတီများစွာတို့ဖြင့် သာသနာ့ဂုဏ်ရောင် ထွန်းလင်းတောက်ပလျက်ရှိပါသည်။ သာသနာပြုပုဂ္ဂိုလ်များနှင့် ရှင်အရဟံမထေရ်မြတ်ကြီးတို့၏ ကြိုးပမ်းအားထုတ်ခဲ့မှုများကြောင့် စစ်မှန်သောထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းကားပြန့်ပွားရာနေရာဒေသဖြစ်ခဲ့သည်ကိုလည်း သမိုင်းမှတ်တမ်းများအရ အထင်အရှားတွေ့မြင်ရသည်မှာ ဂုဏ်ယူဖွယ်ရာဖြစ်ပါသည်။

**ချစ်ခင်လေးစားအပ်ပါသော တိုင်းရင်းသားမိဘပြည်သူ ညီအစ်ကိုမောင်နှမများခင်ဗျား**

ယနေ့အချိန်အခါတွင် မိမိတို့နိုင်ငံသည် ပြည်သူများ၏ လိုလားချက်နှင့်အညီ တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ တန်းတူညီမျှခြင်းဟူသည့် လောကပါလတရားများထွန်းကားရာ ဒီမိုကရေစီစနစ်ကိုကျင့်သုံးသည့် နိုင်ငံအဖြစ်သို့ လျှောက်လှမ်းနေချိန်ဖြစ်ပါသည်။ ဒီမိုကရေစီနိုင်ငံ ထူထောင်ရာတွင် နိုင်ငံသားအားလုံးအနေဖြင့် စည်းလုံးညီညွတ်ခြင်း၊ စည်းကမ်းရှိခြင်း၊ တရားဥပဒေကို လေးစားလိုက်နာခြင်းနှင့် အသိဉာဏ်ပညာပြည့်ဝခြင်းတို့သည် မရှိမဖြစ်လိုအပ်မည်ဖြစ်ပါသည်။

**လက်နက်ကိုင်ပဋိပက္ခများနှင့် အကြမ်းဖက်ဆူပူမှုများချုပ်ငြိမ်းပြီး တိုင်းရင်းသားပြည်သူအားလုံးသည် ပြည်ထောင်စုအတွင်း စိတ်ချမ်းသာစွာနေထိုင်နိုင်ရေးအတွက် ငြိမ်းချမ်းရေးနှင့် စည်းလုံးညီညွတ်ရေးမှာ အလွန်အရေးကြီးလှပါသည်။ တိုင်းရင်းသားပြည်သူအားလုံး လိုလားသည့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုတည်ဆောက်ရာတွင် မွန်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားညီအစ်ကိုမောင်နှမများအနေဖြင့်လည်း ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်ကိုအခြေခံ၍ ပြည်နယ်သူ ပြည်နယ်သားများ၏ အကျိုးစီးပွားနှင့် နိုင်ငံနှင့် ပြည်သူအားလုံးတို့၏ ကောင်းကျိုးကို ထမ်းဆောင်နိုင်သူများဖြစ်ကြပါစေကြောင်း တိုက်တွန်းမှာကြားလို**

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ဦးတည်ချက်နှင့်အညီ ပြည်သူများလိုလားသည့် ဒီမိုကရေစီလမ်းကြောင်းကို လျှောက်လှမ်းနိုင်ရန်အတွက် လွတ်လပ်၍တရားမျှတမှုအပြည့်ရှိသော ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို အပိုင်း(၃)ပိုင်းခွဲ၍ အောင်မြင်စွာကျင်းပပေးခဲ့ပြီးဖြစ်ပါသည်။ ၂၀၂၆ ခုနှစ်၊ မတ်လ (၁၆)ရက်နေ့တွင် ပြည်သူ့လွှတ်တော်၊ မတ်လ(၁၈)ရက်နေ့တွင် အမျိုးသားလွှတ်တော်တို့ကို ခေါ်ယူကျင်းပလျက်ရှိပြီး နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ လုပ်ငန်းများအပါအဝင် လွှတ်တော်အစည်းအဝေးများကို အစီအစဉ်အတိုင်း ဆောင်ရွက်လျက်ရှိရာ မကြာမီကာလအတွင်း နိုင်ငံတော်သမ္မတအသစ်ဦးဆောင်သည့်ပြည်ထောင်စုအစိုးရအဖွဲ့တစ်ရပ် ပေါ်ပေါက်လာတော့မည် ဖြစ်ပါသည်။

**ချစ်ခင်လေးစားအပ်ပါသော တိုင်းရင်းသားမိဘပြည်သူ ညီအစ်ကိုမောင်နှမများခင်ဗျား**

နိုင်ငံတော်၏လုပ်ငန်းစဉ်များ အချိန်တိုအတွင်း ထိရောက်အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကဏ္ဍပေါင်းစုံ၊ ဘက်ပေါင်းစုံမှ အသိပညာရှင် အတတ်ပညာရှင်များ၊ တိုင်းရင်းသားပြည်သူများက ထွက်ပေါ်လာမည့် နိုင်ငံတော်အစိုးရအသစ်နှင့်အတူ စည်းလုံးညီညွတ်စွာဖြင့် တက်တက်ကြွကြွ ပူးပေါင်းဆောင်ရွက်ကြရန် အလေးအနက်ထား တိုက်တွန်းမှာကြားလိုပါသည်။

နိုင်ငံတော်စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရာတွင် အဓိကကျပြီး အခြေခံလိုအပ်ချက်ဖြစ်သော ပညာရေး၊ ကျန်းမာရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှုတိုးတက်စေရေး စသည့်လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ ကုန်ထုတ်လုပ်ငန်းများကို ဆောင်ရွက်ရာတွင် အခြေခံအကျဆုံးဖြစ်သည့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းများကို တိုးတက်အောင်မြင်မှုရရှိစေရန် မဖြစ်မနေဆောင်ရွက်ရမည် ဖြစ်ပါသည်။

ယခုနှစ် (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်အဖြစ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်ကို နေပြည်တော်၌ ကျင်းပပြုလုပ်ခဲ့ရာ မွန်ပြည်နယ်အပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးမှ တိုင်းရင်းသားစီးပွားရေးလုပ်ငန်းရှင်များ ပါဝင်ပြသရောင်းချခဲ့ကြပါသည်။ စီးပွားရေးဖွံ့ဖြိုးမှုသက်သက်သာမက ဒေသအသီးသီးမှ လုပ်ငန်းရှင်အချင်းချင်း ချစ်ခင်ရင်းနှီးမှု၊ စည်းလုံးညီညွတ်မှု၊ ရိုင်းပင်းကူညီမှု၊ ရိုးရာဓလေ့ယဉ်ကျေးမှုများ၊ ဗဟုသုတများဖလှယ်ရရှိမှု၊ ဈေးကွက်ချိတ်ဆက်နိုင်မှု၊ ပြည်တွင်းထုတ်ကုန်များကို တန်းဖိုးမြှင့်ထုတ်ကုန်များအဖြစ် တိုးတက်ထုတ်လုပ်နိုင်ခြင်းအားဖြင့် ပြည်ပဈေးကွက်သို့ ထိုးဖောက်နိုင်မည့် အကျိုးကျေးဇူးများ ရရှိခဲ့ကြပါသည်။ ရေခံမြေခံကောင်းမွန်ပြီး သဘာဝအရင်းအမြစ်များကြွယ်ဝသော မွန်ပြည်နယ်အနေဖြင့် စိုက်ပျိုးမွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှုကဏ္ဍကို တိုးမြှင့်နိုင်မည်ဆိုပါက ဒေသခံပြည်သူများ၏ဝင်ငွေတိုးတက်စေမည်ဖြစ်ပြီး ဆင်းရဲနွမ်းပါးမှုလျှော့ချနိုင်ကာ လူမှုစီးပွားဘဝ ယခုထက်ပိုမို၍ တိုးတက်လာမည် ဖြစ်ပါသည်။ ထို့ကြောင့် အဆိုပါလုပ်ငန်းများကို နည်းပညာနှင့်ပေါင်းစပ်ပြီး တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်အောင် အလေးထားဆောင်ရွက်ပေးကြရန် တိုက်တွန်းမှာကြားလိုပါသည်။

**ချစ်ခင်လေးစားအပ်ပါသော တိုင်းရင်းသားမိဘပြည်သူ ညီအစ်ကိုမောင်နှမများခင်ဗျား**

ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံတော်အစိုးရအနေဖြင့် အသိဉာဏ်ပညာပြည့်ဝပြီး ဗလငါးတန်နှင့်ပြည့်စုံသည့် လူ့ဘောင်အသိုက်အဝန်း ထွန်းကားရေးအတွက် ပညာရေးနှင့်ပတ်သက်၍ KG+9 အထိ မသင်မနေရ သတ်မှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းနေရာခိုင်နှုန်းမြင့်မားရေး၊ ကျောင်းသား၊ ကျောင်းသူများကို အတန်းပညာတတ်မြောက်စေရေး၊ တန်းစဉ်ကူးပြောင်းနှုန်းမြင့်မားရေးနှင့် အတန်းပညာမှ အသိပညာသို့ ပြောင်းလဲတိုးတက်နိုင်ရေးတို့ကို အလေးထားဆောင်ရွက်ပေးကြပါရန် တိုက်တွန်းအပ်ပါသည်။

ယနေ့အချိန်တွင် အနာဂတ်အင်အားများဖြစ်သည့် လူငယ်များကို ကိုယ်ရည်ကိုယ်သွေး၊ ကိုယ်စွမ်းကိုယ်စများ မြှင့်တင်ကာ ဘက်စုံထူးချွန်ထက်မြက်သည့် လူကောင်းလူတော်များဖြစ်အောင် ပြုစုပျိုးထောင်ပေးရန် လိုအပ်ပါသည်။ ထို့ပြင် လူငယ်လူရွယ်များ၏ အကျင့်စာရိတ္တကောင်းမွန်စေရေး၊ တိုင်းချစ်၊ ပြည်ချစ်စိတ်များရရှိပြီး နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်လိုစိတ်နှင့် တိုင်းပြည်၏ဂုဏ်ကို မြှင့်တင်လိုစိတ်များ ဖြစ်ပေါ်စေရေးအတွက် စနစ်တကျလေ့ကျင့်ပျိုးထောင်ရန် လိုအပ်မည်ဖြစ်ပါသည်။

ခေတ်အဆက်ဆက်ဖြစ်ပေါ်ခဲ့သည့် ပြည်တွင်းပဋိပက္ခများနှင့် နိုင်ငံတည်ငြိမ်အေးချမ်းမှု အားနည်းချက်သည် သက်ဆိုင်သူများ၏ ပညာရေးအားနည်းမှုများကြောင့် ဖြစ်သည်ဟု သုံးသပ်နိုင်ပါသည်။ အသိပညာအားနည်းပါက အဖျက်အမှောင့်သမားများ၏ သွေးထိုးလှုံ့ဆော်မှုများအပေါ် စဉ်းစားတွေးခေါ်ဆင်ခြင်မှုများမရှိဘဲ လိုက်ပါလုပ်ဆောင်ကြခြင်းကြောင့် နိုင်ငံတည်ငြိမ်ရေးကို ပျက်ပြားစေမည်သာဖြစ်ပါသည်။ နိုင်ငံတော်အနေဖြင့် တိုင်းရင်းသားဒေသများအပါအဝင် တစ်နိုင်ငံလုံး ပညာသင်ယူနိုင်မှုအခွင့်အလမ်း ကွာခြားမှုမရှိစေရေး အလေးထား မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိပါသည်။

ထို့ကြောင့် မွန်ပြည်နယ်အနေဖြင့်လည်း ပညာရေးကဏ္ဍမြှင့်တင်မှုကို ရည်မှန်းချက်များနှင့်အတူ တိုးတက်အောင်မြင်အောင် ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလိုပါသည်။

**ချစ်ခင်လေးစားအပ်ပါသော တိုင်းရင်းသားမိဘပြည်သူ ညီအစ်ကိုမောင်နှမများခင်ဗျား**

ကျန်းမာရေးကဏ္ဍအနေဖြင့်လည်း နိုင်ငံသားတိုင်း အခြေခံကျန်းမာရေးစောင့်ရှောက်မှုများ လက်လှမ်းမီရရှိရေးအတွက် ဆေးရုံများတွင် ဆေးဝါးနှင့်ပစ္စည်းကိရိယာများ ပြည့်စုံအောင် ဖြည့်ဆည်းပေးခြင်း၊ အခမဲ့ဆေးဝါးကုသခွင့်များ ဆောင်ရွက်ပေးခြင်း၊ ကျန်းမာရေးဝန်ထမ်းများ ခန့်ထားပေးခြင်းတို့ကို နိုင်ငံတော်မှ အစဉ်တစိုက် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါသည်။

နိုင်ငံတော်အစိုးရက နိုင်ငံသားတိုင်းလူမှုစီးပွားဘဝ တိုးတက်မြင့်မားရေးအတွက် သယ်ယူပို့ဆောင်ရေးအဆင့်မြှင့်တင်ခြင်းအနေဖြင့် မွန်ပြည်နယ်၏ လမ်းပန်းဆက်သွယ်ရေးမှအစ အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်တွင်းပြည်ပကုန်စည်စီးဆင်းမှုအတွက် အဓိကကျသည့် တံတားနှစ်စင်းဖြစ်သည့် ဂျိုင်း(ဇာသပြင်)တံတားသစ်နှင့် အတ္တရံတံတားသစ် (၂)စင်းကိုလည်း ယခုမတ်လ (၈)ရက်နေ့တွင် ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်ပါသည်။အဆိုပါတံတား (၂)စင်း ဖွင့်လှစ်ပေးနိုင်ခြင်းကြောင့် မော်လမြိုင်အထူးစီးပွားရေးဇုန်နှင့် ထားဝယ်ရေနက်ဆိပ်ကမ်းသို့လည်းကောင်း၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့မှ မြန်မာနိုင်ငံတစ်ဝန်းလုံးသို့လည်းကောင်း ပိုမိုလွယ်ကူအဆင်ပြေစွာ သွားလာနိုင်မည်ဖြစ်ပြီး ပြည်တွင်းပြည်ပ ကုန်စည်စီးဆင်းမှုလျင်မြန်စေမည် ဖြစ်ပါသည်။

နိဂုံးချုပ်အနေဖြင့် တိုက်တွန်းမှာကြားလိုသည်မှာ သမိုင်းကြောင်းသင်ခန်းစာများအရ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းပြည်တည်ငြိမ်အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့အတွက် အလွန်ပင်အရေးကြီးလှပါသည်။ လက်နက်ကိုင်ပဋိပက္ခများနှင့် အကြမ်းဖက်ဆူပူမှုများ ချုပ်ငြိမ်းပြီး တိုင်းရင်းသားပြည်သူအားလုံးသည် ပြည်ထောင်စုအတွင်း စိတ်ချမ်းသာစွာ နေထိုင်နိုင်ရေးအတွက် ငြိမ်းချမ်းရေးနှင့် စည်းလုံးညီညွတ်ရေးမှာ အလွန်အရေးကြီးလှပါသည်။ တိုင်းရင်းသားပြည်သူအားလုံး လိုလားသည့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုတည်ဆောက်ရာတွင် မွန်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ အနေဖြင့်လည်း ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်ကို အခြေခံ၍ ပြည်နယ်သူ ပြည်နယ်သားများ၏ အကျိုးစီးပွားနှင့် နိုင်ငံနှင့် ပြည်သူအားလုံးတို့၏ ကောင်းကျိုးကို ထမ်းဆောင်နိုင်သူများဖြစ်ကြပါစေကြောင်း တိုက်တွန်းမှာကြားလိုပါသည်။ ထို့ပြင် မွန်ပြည်နယ်နှင့် မွန်တိုင်းရင်းသားများအားလုံး အစဉ်ထာဝရ အေးချမ်းသာယာ ပျော်ရွှင်ချမ်းမြေ့ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း (၅၂)နှစ်မြောက် မွန်ပြည်နယ်နေ့ကို ဂုဏ်ပြုသဝဏ်လွှာပေးပို့အပ်ပါသည်။

**ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ**
**သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်**
**ယာယီသမ္မတ၊**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ဥက္ကဋ္ဌ၊ နိုင်ငံတော်လုံခြုံရေးနှင့်**
**အေးချမ်းသာယာရေးကော်မရှင်**




သဘာပတိက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေးထံ တာဝန်လွှဲအပ်စဉ်။



အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသည့် ဦးအောင်လင်းဒွေးနှင့် Jeng Phang နော်တောင် တို့က သဘာပတိ၏ ရှေ့မှောက်၌ ကတိသစ္စာပြုကြစဉ်။

✣ စာမျက်နှာ ၂၄ မှ

ထို့နောက် သဘာပတိ ဒေါ်ဒွဲဘူက အမျိုးသားလွှတ်တော်၏ရှေ့မှောက်၌ သဘာပတိအဖြစ် ကတိသစ္စာပြုပြီး ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးကာ နှုတ်ခွန်းဆက်စကားပြောကြားသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက သဘာပတိ ရှေ့မှောက်၌ ကတိသစ္စာပြုကြပြီး ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးကြသည်။

ဆက်လက်၍ သဘာပတိက တတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ၂၁၃ ဦးစလုံး တက်ရောက်ကြသည့်အတွက် ရာနှုန်းပြည့်ဖြင့် တတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေးကို စတင်ကျင်းပကြောင်း ကြေညာသည်။

ထို့နောက်အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ရွေးချယ်တင်မြှောက်ရာ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၈)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်တင်မြင့်က အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ လောင်းအဖြစ် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ် (၁၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်လင်းဒွေး တစ်ဦးတည်းကိုသာ အမည်စာရင်း တင်သွင်းပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ် (၃)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်တင့်က ထောက်ခံသည့်အတွက် ၂၀၁၅ ခုနှစ် အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ (၁၁) အရ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၁)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးအောင်လင်းဒွေးအား အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် တင်မြှောက်ကြောင်း သဘာပတိက ကြေညာသည်။

ယင်းနောက် အမျိုးသားလွှတ်တော် ဒုတိယ ဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်ရာ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာကျော်ထွန်းက အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌလောင်းအဖြစ် ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် Jeng Phang နော်တောင် တစ်ဦးတည်းကိုသာ အမည်စာရင်းတင်သွင်းပြီး တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသန်းအောင်က ထောက်ခံသည့်အတွက် ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် Jeng Phang နော်တောင်အား ဒုတိယဥက္ကဋ္ဌအဖြစ် တင်မြှောက်ကြောင်း သဘာပတိက ကြေညာသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသည့် ဦးအောင်လင်းဒွေးနှင့် Jeng Phang နော်တောင် တို့က သဘာပတိ၏ရှေ့မှောက်၌ ကတိသစ္စာပြုကြပြီး ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးကြသည်။

ထို့နောက် သဘာပတိက အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးအောင်လင်းဒွေးထံ တာဝန်လွှဲအပ်သည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကားပြောကြားသည်။

**(အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏ နှုတ်ခွန်းဆက်စကားအပြည့်အစုံကို စာမျက်နှာ ၆ တွင် သီးခြားဖော်ပြထားပါသည်။)**

ထို့နောက် တတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး ပထမနေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ဒုတိယနေ့ ကျင်းပမည့်နေ့ရက်နှင့်အချိန်ကို ကြိုတင်အသိပေးကြေညာသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**





တတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး ပထမနေ့သို့ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ရွေးကောက်ခံ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်လာကြစဉ်။

✡ စာမျက်နှာ ၂၄ မှ

ရှမ်းယူနိုက်တက်အသင်းက ဟံသာဝတီယူနိုက်တက်အသင်းကို တစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်အပြီး ချန်ပီယံဆုပေးပွဲ အခမ်းအနားအား ဆက်လက်ကျင်းပခဲ့သည်။ ရွှေဦးစွာ ၂၀၂၅-၂၀၂၆ မြန်မာ နေရှင်နယ်လိဂ်အမှတ်ပေးပြိုင်ပွဲတွင် ရဂိုး (၁၇)ဂိုးဖြင့် ဂိုးသွင်းအများဆုံးကစားသမားဆု ရရှိခဲ့သည့် ရှမ်းယူနိုက်တက် တိုက်စစ်မှူး စအောင်ပြည့်ကိုအား အထိမ်းအမှတ်ဆုတံဆိပ်နှင့် ဆုကြေးငွေကျပ်သိန်း(၅၀)ကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်စီးပွားရေးရာဝန်ကြီး ဦးခွန်သိန်းမောင်က လည်းကောင်း၊ ၂၀၂၅-၂၀၂၆ မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲတွင် အဆင့်(၅)နေရာရရှိသည့် ဟံသာဝတီယူနိုက်တက်အသင်းကို ဆုကြေးငွေကျပ်သိန်း(၂၀၀)ကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးစိန်ဝင်းက လည်းကောင်း ချီးမြှင့်ပေးခဲ့သည်။

ဆက်လက်၍ Myanmar National League 2025-2026 အမှတ်ပေးဘောလုံးပြိုင်ပွဲတွင် ချန်ပီယံဖြစ်ခဲ့သည့် ရှမ်းယူနိုက်တက်အသင်းအတွက် တစ်ဦးချင်း ရွှေတံဆိပ်ချီးမြှင့်မှုကို အာရှဘောလုံးအဖွဲ့ချုပ် အကြီးတန်းဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က ချီးမြှင့်ပေးခဲ့သည်။

ထို့နောက် ရှုံးပွဲမရှိစံချိန်ဖြင့် အမှတ်ပေးချန်ပီယံဆုဖလားအား (၇) ကြိမ်မြောက် ရရှိခဲ့သည့် ရှမ်းယူနိုက်တက်အသင်းအား ဆုကြေးငွေကျပ်သိန်း ၁၀၀၀ နှင့် တစ်ရာသီလုံးရှုံးပွဲမရှိစံချိန်ဖြင့် ချန်ပီယံဖြစ်ခဲ့သည့် ရှမ်းယူနိုက်တက်အသင်းကို အထူးဆုဖလား ချီးမြှင့်ပေးမှုကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် နာယက ဦးအောင်ကိုဝင်းက ချီးမြှင့်ပေးခဲ့သည်။

အလားတူ ချန်ပီယံဆုဖလားကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးအောင်အောင်နှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် နာယက ဦးအောင်ကိုဝင်းတို့က ဂုဏ်ပြုချီးမြှင့်ပေးခဲ့သည်။

Myanmar National League 2025-26 အမှတ်ပေးပြိုင်ပွဲတွင် အဆင့်(၁)မှ အဆင့်(၅)အတွင်း ရရှိသည့် အသင်းများကို ဆုကြေးများပေးအပ်ခဲ့ပြီး ချန်ပီယံဆုကြေးကို ငွေကျပ်သိန်း ၁၀၀၀၊ အဆင့်(၂)နေရာမှ ရန်ကုန်ယူနိုက်တက်အသင်းကို ငွေကျပ်သိန်း ၇၀၀၊ အဆင့်(၃) နေရာမှ ဒဂုံစတားယူနိုက်တက်အသင်းကို ငွေကျပ်သိန်း ၅၀၀၊ အဆင့်(၄) နေရာမှ ISPE အသင်းကို ငွေကျပ်သိန်း ၃၀၀ နှင့် အဆင့်(၅)တွင် ရပ်တည်နိုင်ခဲ့သည့် ဟံသာဝတီယူနိုက်တက်အသင်းကို ငွေကျပ်သိန်း ၂၀၀ ချီးမြှင့်ခဲ့ခြင်းဖြစ်သည်။

ရှမ်းယူနိုက်တက်အသင်းသည် မြန်မာနေရှင်နယ်လိဂ်အမှတ်ပေးဆုဖလားကို (၇)ကြိမ်မြောက်နှင့် (၆)ကြိမ်ဆက်တိုက်ရရှိခြင်းဖြစ်သည်။ ထို့အတူ ရှမ်းယူနိုက်တက်အသင်း၏ ရှုံးပွဲမရှိစံချိန်မှတ်တမ်းသည် စုစုပေါင်း ပွဲ ၁၀၀ ပြည့်မြောက်ခဲ့သည်။

(NGB)

0-0-0-0-0
0-0-0

**တိုက်တာဆင့်ဆင့် မိုးထိမြင့်လည်း**
**ပန်းနှင့်သစ်ပင်၊ မတွေ့မြင်က**
**ဝန်းကျင်ခြောက်ခန်း၊ စိတ်ပင်ပန်း၏**

# တတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး ပထမနေ့ ဥက္ကဋ္ဌ၏ နှုတ်ခွန်းဆက်စကား

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား-

ယနေ့ တတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေးကို တက်ရောက်လာကြတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များနဲ့ ဧည့်သည်တော်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းတို့နဲ့ ပြည့်စုံကြပါစေကြောင်း ဦးစွာပထမ နှုတ်ခွန်းဆက်သအပ်ပါတယ်။

ယနေ့ဟာဆိုရင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နဲ့အညီ တတိယအကြိမ် အမျိုးသားလွှတ်တော် စတင်တဲ့ သမိုင်းမှတ်တမ်းတင်ဂုဏ်ယူစရာ နေ့တစ်နေ့ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက ပြည်သူများကိုယ်စား ကျွန်တော့်ကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်ပေးခဲ့ကြတဲ့အတွက် အထူး ကျေးဇူးတင်ဝမ်းမြောက်ဝမ်းသာ ဂုဏ်ယူပါကြောင်းနဲ့ ကျွန်တော့်ဘဝရဲ့ မှတ်တိုင်တစ်ခုအဖြစ် စွဲမြဲစွာ မှတ်သားထားရှိသွားမှာဖြစ်ကြောင်း ပြောကြားလိုပါတယ်။



ပါတီစုံဒီမိုကရေစီစနစ် ရှင်သန်ဖို့အတွက် ရွေးကောက်ပွဲလုပ်ငန်းစဉ်များဟာ မဖြစ်မနေလုပ်ရမယ့်လုပ်ငန်းစဉ်ဖြစ်တာကြောင့် အခက်အခဲများစွာ ကြားကပင် လွတ်လပ်ပွင့်လင်းပြီး တရားမျှတတဲ့ ရွေးကောက်ပွဲ၊ သိက္ခာရှိတဲ့ရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပပြုလုပ်ပေးခဲ့တဲ့ နိုင်ငံတော်အစိုးရကို အထူးပင်ကျေးဇူးတင်ရှိပါကြောင်း ပြောကြားလိုပါတယ်။ ဒီလိုရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပပေးနိုင်ခဲ့လို့လည်း ယနေ့ ပြည်သူများ ရွေးကောက်တင်မြှောက်ပေးလိုက်တဲ့ ပြည်သူ့ကိုယ်စားလှယ်များဟာ တတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေးကြီးကို တက်ရောက်လာနိုင်ကြတာပဲ ဖြစ်ပါတယ်။

လွှတ်တော်ဆိုတာ ဥပဒေပြုရေးအာဏာကို ပြည်သူလူထုထံမှရရှိထားတဲ့ ဥပဒေပြုအဖွဲ့အစည်းဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၁၊ ပုဒ်မခွဲ(က)အရ နိုင်ငံတော်အချုပ်အခြာအာဏာရဲ့ ခက်မသုံးဖြာဖြစ်တဲ့ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနဲ့ တရားစီရင်ရေးအာဏာတို့ကို တတ်နိုင်သမျှ ပိုင်းခြားသုံးစွဲခြင်းနဲ့ အပြန်အလှန်ထိန်းကျောင်းခြင်းဆိုတဲ့ တာဝန်တွေကို ထမ်းဆောင်သွားရမှာဖြစ်ပါတယ်။ ဒါကြောင့် လွှတ်တော်ရဲ့အခန်းကဏ္ဍဟာ ကြီးမားသလို လွှတ်တော်ကိုယ်စားလှယ်များရဲ့ အခန်းကဏ္ဍဟာလည်း အရေးပါလှပါတယ်။

အမျိုးသားလွှတ်တော်ကို ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၄၁ အရ ဖွဲ့စည်းထားတာဖြစ်ပြီး ပြည်ထောင်စုနယ်မြေအပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုများမှ ရွေးကောက်ခံကိုယ်စားလှယ်များနဲ့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဥပဒေနဲ့အညီ အမည်စာရင်းတင်သွင်းထားတဲ့ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်တွေပါဝင်တဲ့ လွှတ်တော်ဖြစ်တာကြောင့် ပြည်ထောင်စုစိတ်ဓာတ်နဲ့ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် ဆောင်ရွက်သွားကြဖို့ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော်ကို ပထမအကြိမ်နဲ့ ဒုတိယအကြိမ် ကျင်းပခဲ့ပြီးဖြစ်ပါတယ်။ ယခု ကျင်းပတဲ့ တတိယအကြိမ်လွှတ်တော်ဟာ ပြင်ဆင်ပြဋ္ဌာန်းခဲ့တဲ့ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲ ဥပဒေနဲ့အညီ မဲအများဆုံးရသူ အနိုင်ယူစနစ်နဲ့ အချိုးကျကိုယ်စားပြုစနစ်တို့ကို ပေါင်းစပ်ဖြစ်ပေါ်လာတဲ့ လွှတ်တော်ဖြစ်တဲ့အတွက် ထူးခြားစွာ ပေါ်ပေါက်လာတဲ့ လွှတ်တော်ပဲဖြစ်ပါတယ်။

လွှတ်တော်လုပ်ငန်းတွေ ဆောင်ရွက်တဲ့အခါမှာ လွှတ်တော်ကိုယ်စားလှယ်တွေ အချင်းချင်း ယဉ်ယဉ်ကျေးကျေးနဲ့ ချစ်ချစ်ခင်ခင် ညီညီညွတ်ညွတ် ဆက်ဆံဆောင်ရွက်သွားကြရမှာဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်တွေအနေနဲ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေတွေကို လေးစားလိုက်နာကြရမှာဖြစ်သလို လွှတ်တော်ကသတ်မှတ်ထားတဲ့ စည်းကမ်းတွေကိုလည်း လိုက်နာကြရမှာဖြစ်ပါတယ်။ လွှတ်တော်ထဲရောက်လာချိန်မှာ ပါတီအရောင်အသွေးမခွဲခြားဘဲ ပြည်သူလူထုအကျိုးစီးပွားကိုရှေးရှုပြီး ညီညီညွတ်ညွတ်နဲ့ ဝိုင်းဝန်းဆွေးနွေးကြဖို့ တိုက်တွန်းလိုပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များဟာ ပြည်သူအများက ယုံကြည်စွာရွေးချယ်ပေးလိုက်တဲ့ ပြည်သူ့ကိုယ်စားလှယ်တွေဖြစ်ပါတယ်။ မိမိတို့ကိုရွေးကောက်တင်မြှောက်လိုက်တဲ့ပြည်သူတို့ရဲ့အသံကို နားထောင်ပြီး အတတ်နိုင်ဆုံး ဖြည့်ဆည်းဆောင်ရွက်ပေးသွားရမှာဖြစ်ပါတယ်။ ပြည်သူလူထုက ရွေးချယ်တင်မြှောက်လိုက်တဲ့ ကိုယ်စားလှယ်တွေဖြစ်တဲ့အတွက် ပြည်သူ့အကျိုးကို ရှေ့တန်းတင်ဆောင်ရွက်ကြရန် တာဝန်ရှိပါတယ်။ လွှတ်တော်ကိုယ်စားလှယ်တွေဟာ ပြည်သူ့အကျိုးစီးပွားကို ဖော်ဆောင်ရမှာဖြစ်တဲ့အတွက် ပြည်သူ့အကျိုးစီးပွားကို မြင့်မြင့်မားမား ဖော်ဆောင်နိုင်အောင် ကိုယ်စားလှယ်တွေရဲ့အရည်အချင်း တိုးတက်မြင့်မားစေဖို့ စဉ်ဆက်မပြတ် လေ့လာသွားကြရမှာဖြစ်ပါတယ်။

ဥပဒေပြုရေးလုပ်ငန်းတွေကို ဆောင်ရွက်တဲ့အခါမှာလည်း နိုင်ငံတော်ရဲ့ အမျိုးသားအကျိုးစီးပွား၊ နိုင်ငံတော်ရဲ့ နိုင်ငံရေးရည်မှန်းချက်၊ အမျိုးသားရေးရည်မှန်းချက်၊ နိုင်ငံတော်နဲ့နိုင်ငံသားများရဲ့ အကျိုးစီးပွားဖြစ်ထွန်းစေမှုတွေကို ဖော်ဆောင်ပေးမယ့် ဥပဒေတွေပြဋ္ဌာန်းပေးတာ၊ ခေတ်စနစ်နဲ့ လျော်ညီအောင် ပြင်ဆင်ဖြည့်စွက်ပြဋ္ဌာန်းတာတွေ၊ ခေတ်စနစ်နဲ့လျော်ညီမှုမရှိတော့တဲ့ ဥပဒေတွေကို ရုပ်သိမ်းတာတွေဆောင်ရွက်ရာမှာ လွှတ်တော်ကိုယ်စားလှယ်အားလုံးက စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်နဲ့ ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြဖို့တိုက်တွန်းလိုပါတယ်။

နိဂုံးချုပ်အနေဖြင့် ကျွန်တော်အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတာဝန်ကို ထမ်းဆောင်ခွင့်ရတဲ့အချိန်မှာ ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ နိုင်ငံတော်နဲ့ နိုင်ငံသားများရဲ့ အကျိုးကို ရှေးရှုဆောင်ရွက်သွားမှာဖြစ်ကြောင်း ကတိပြုပြောကြားလိုပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ သက်ဆိုင်ရာလွှတ်တော်ဥပဒေ၊ နည်းဥပဒေ၊ လွှတ်တော်ရဲ့ထုံးတမ်းအစဉ်အလာတွေကို တိကျစွာလေးစားလိုက်နာပြီး သမာသမတ်ကျစွာ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အနေနဲ့လည်း နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် တက်ညီလက်ညီ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြပါစို့ဟု တိုက်တွန်းပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။

## ဝန်ထမ်းစည်းမျဉ်း၊ ဘဏ္ဍာရေးစည်းမျဉ်းဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ခြင်း သင်တန်းဆင်းပွဲကျင်းပ

နေပြည်တော် မတ် ၁၈

ဝန်ထမ်းစည်းမျဉ်း၊ ဘဏ္ဍာရေးစည်းမျဉ်းဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ခြင်း သင်တန်းဆင်းပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု သင်တန်းကျောင်း၌ကျင်းပရာ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ ဒုတိယဝန်ကြီးများ ဖြစ်ကြသော ဒေါ်သန်းသန်းလင်းနှင့် ဦးဟန်ဝင်းအောင်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။



အခမ်းအနားတွင်ပြည်ထောင်စုဝန်ကြီးက သင်တန်းသား သင်တန်းသူများအနေဖြင့် ယခု သင်တန်းတွင် လေ့လာခဲ့ရသော ဝန်ထမ်းစည်းမျဉ်း၊ ဘဏ္ဍာရေးစည်းမျဉ်းဆိုင်ရာ လိုက်နာဆောင်ရွက်ရမည့် အချက်များနှင့် ဆက်နွယ်နေသည့် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် ညွှန်ကြားချက်များကို လက်တွေ့လုပ်ငန်းနယ်ပယ်တွင် အသုံးချ အကောင်အထည်ဖော်ဆောင်ရွက်ကြစေလိုကြောင်း၊ နိုင်ငံ၏အကန့်အသတ်နှင့် တည်ရှိနေသော အရင်းအမြစ်များကို လိုအပ်နေသည့် လူမှုရေးနှင့် စီးပွားရေးကဏ္ဍများ ဖွံ့ဖြိုးစေရေးအတွက် ဦးစားပေး ခွဲဝေလျာထားပေးခြင်း အပြင် ခွဲဝေပေးသောအသုံးစရိတ်များကို ထိရောက်အကျိုးရှိစွာ သုံးစွဲရေး၊ ရငွေများကိုလည်း မျှော်မှန်းထားသည့် လျာထားချက်များအတိုင်း ရရှိအောင် ကြီးကြပ်ကောက်ခံနိုင်ရေးကို ထိန်းညှိဆောင်ရွက်ပေးရသည့် ရသုံးမှန်းခြေငွေစာရင်း ဦးစီးဌာနရှိ ဝန်ထမ်းများအနေဖြင့် လုပ်ငန်းစွမ်းဆောင်ရည် ပြည့်ဝနေရန် လိုအပ်ကြောင်း၊ ယခုသင်တန်းမှရရှိသော အသိပညာ ဗဟုသုတများကိုအသုံးချပြီး ပေးအပ်သည့် လုပ်ငန်းတာဝန်များကို အရည်အသွေးပြည့်ဝစွာဖြင့် အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ကြခြင်းဖြင့် မိမိတို့၏စွမ်းရည်များကို မြင့်သည်ထက်မြင့်အောင် အစဉ်မြှင့်တင်ကြရန် ဖြစ်ကြောင်း၊ သင်တန်းတွင် သင်ယူလေ့လာခဲ့ရသော ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုနည်းလမ်းများကို လုပ်ငန်းခွင်တွင် ထိရောက်စွာအသုံးချဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်နှင့် ပြည်သူတို့၏အကျိုးကို တတ်စွမ်းသမျှ ဖြည့်ဆည်းဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားပြီး သင်တန်းတွင် ထူးချွန်သူများအား ဂုဏ်ပြုဆုများနှင့် သင်တန်းသား သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်သည်။

ဝန်ထမ်းစည်းမျဉ်း၊ ဘဏ္ဍာရေးစည်းမျဉ်းဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ခြင်း သင်တန်းသို့ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနမှ အရာထမ်း ၄၃ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တပါတ်ပတ် ကြာမြင့်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် ဗိုလ်ချုပ်ကြီးမောင်မောင်အေး မွန်ပြည်နယ်နေ့အထိမ်းအမှတ် ဝါရီရှူမြစ်ကမ်းသာ အပန်းဖြေနေရာဖွင့်ပွဲနှင့် မွန်ပြည်နယ်နေ့ အထိမ်းအမှတ်ပြခန်းများ၊ ဒေသထွက်ကုန်နှင့် ရိုးရာအစားအစာ အရောင်းဆိုင်များ ဖွင့်ပွဲသို့တက်ရောက်

နေပြည်တော် မတ် ၁၈

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်အဖွဲ့ဝင် ဗိုလ်ချုပ်ကြီး မောင်မောင်အေး သည် အဖွဲ့ဝင်များဖြစ်ကြသည့် ကော်မရှင်အဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ပြည်ထောင်စုဝန်ကြီး များဖြစ်ကြသည့် ဦးမင်းနောင်၊ ဦးလှမိုး၊ ဒေါက်တာ ချာလီသန်း၊ ဒေါက်တာမျိုးသိန်းကျော်၊ ဒေါက်တာ စိုးဝင်း၊ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယ ဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးများနှင့် အဖွဲ့ဝင်များ သည် ယနေ့မွန်းလွဲပိုင်းတွင် မွန်ပြည်နယ်နေ့ အထိမ်း အမှတ် မော်လမြိုင်မြို့ ကမ်းနားလမ်းရှိ ဝါရီရှူမြစ်ကမ်း သာ အပန်းဖြေနေရာ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။



အခမ်းအနားတွင် မွန်ပြည်နယ်စည်ပင်သာယာ ရေးအဖွဲ့ ညွှန်ကြားရေးမှူးက လုပ်ငန်းဆောင်ရွက် မှုများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး တက်ရောက်လာသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး ကြသည်။

ထို့နောက် ဘင်ခရာ၊ ပန်းဖွားအဖွဲ့နှင့် တိုင်းရင်း သားအကအဖွဲ့များအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခြင်း၊ တက်ရောက်လာသူများက ဝါရီရှူ မြစ်ကမ်းသာအပန်းဖြေနေရာ ကမ္ပည်းအား အမွှေး နံ့သာရည်များပက်ဖျန်းခြင်း၊ မှတ်တမ်းတင်ဓာတ်ပုံရိုက် ခြင်းများ ဆောင်ရွက်ပြီး အပန်းဖြေနေရာအတွင်း လှည့်လည်ကြည့်ရှုကြသည်။

ညနေပိုင်းတွင် ကော်မရှင်အဖွဲ့ဝင် ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့်အဖွဲ့ဝင်များသည် မွန်ပြည်နယ် နေ့ အထိမ်းအမှတ်ပြခန်းများ၊ ဒေသထွက်ကုန်နှင့် ရိုးရာအစားအစာ အရောင်းဆိုင်များ ဖွင့်ပွဲအခမ်း အနားသို့ တက်ရောက်သည်။

ဦးစွာ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာ ရေးကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ချာလီသန်း၊ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည် သိန်းနှင့် အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကျော်လင်းမောင်တို့က ပြခန်းဖွင့်ပွဲအခမ်း အနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ပြခန်းများအား လိုက်လံကြည့်ရှုကြရာ တာဝန်ရှိသူများက ရှင်းလင်း ပြသကြသည်။

ဆက်လက်၍ တောင်သူများသို့ မျိုးစေ့ချ ကိရိယာ လွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားသို့ တက်ရောက်သည်။ အခမ်းအနားတွင် မွန်ပြည်နယ် အစိုးရအဖွဲ့ မွန်ပြည်နယ် ဝန်ကြီးချုပ်က အမှာစကား ပြောကြားပြီး ကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးမောင်မောင်အေးနှင့် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီး ချုပ်၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးတို့က မြို့နယ်အလိုက် မျိုးစေ့ချကိရိယာများ ပေးအပ်သည်။

ထို့နောက် တောင်သူတစ်ဦးက ကျေးဇူးတင် စကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်အဖွဲ့ဝင် ဗိုလ်ချုပ်ကြီး မောင်မောင်အေး သည် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်၊ ပြည်နယ်ဝန်ကြီး ချုပ် ဦးအောင်ကြည်သိန်းနှင့် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်တို့ လိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် မော်လမြိုင်မြို့ရှိ နည်းပညာ တက္ကသိုလ်သို့ သွားရောက်၍ လှည့်လည်ကြည့်ရှု စစ်ဆေးရာ တာဝန်ရှိသူများကကြိုဆို၍ တက္ကသိုလ် ဆိုင်ရာ အချက်အလက်များကို ပြည်ထောင်စု ဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်က ရှင်းလင်းတင်ပြ ခဲ့ရာ ကော်မရှင်အဖွဲ့ဝင်က လိုအပ်သည်များ မှာကြား ခဲ့သည်။

ဆက်လက်၍ ကော်မရှင်အဖွဲ့ဝင် ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့် အဖွဲ့ဝင်များသည် မော်လမြိုင်မြို့ ဖက်တန်းရပ်ကွက် အထက်လမ်းမကြီးရှိ ပြည်ထဲရေး ဝန်ကြီးဌာနပိုင်မြေနေရာအား သွားရောက်ကြည့်ရှု စစ်ဆေးရာ တာဝန်ရှိသူများက ကြိုဆို၍ မြေနေရာနှင့် ပတ်သက်သည့် အချက်အလက်များကို ရှင်းလင်း တင်ပြခဲ့ရာ ကော်မရှင်အဖွဲ့ဝင်က လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။ သတင်းစဉ်



## မြန်မာဘက်မှ ဝါအမျိုးအစား (၄၀)နှင့် (၈၀) သတ်မှတ်ချက်များအညီ ပြန်လည်ပေးပို့ရန် သဘောတူ

မန္တလေး မတ် ၁၈

အိန္ဒိယနိုင်ငံမှ အရည်အသွေး မြင့် ဝါမျိုးစေ့များ တင်သွင်းနိုင် ရေးအတွက် ကျင်းပသော ညှိနှိုင်း အစည်းအဝေးတွင် မြန်မာနိုင်ငံ ဘက်မှ ဝါအမျိုးအစား (၄၀)နှင့် (၈၀)၏ သတ်မှတ်ချက်များကို ပြန်လည်ပေးပို့ရန် သဘောတူညီ ခဲ့သည်။

မြန်မာကုန်သွယ်မှုမြှင့်တင် ရေးအဖွဲ့ အစည်းအဝေးခန်းမ၌ Hybrid စနစ်ဖြင့် ကျင်းပခဲ့ပြီး နှစ်နိုင်ငံမှ တာဝန်ရှိသူများ တက် ရောက်ခဲ့ကြပြီး ယခုကဲ့သို့ တင်ပို့ရန် သဘောတူညီမှုရယူခဲ့ ခြင်းဖြစ်သည်။

မြန်မာနိုင်ငံ ဝါအသင်းနှင့် အိန္ဒိယနိုင်ငံရှိ IFBIC နှင့် Remei Pvt., Ltd တို့အကြား အရည်အသွေးမြင့် ဝါမျိုးစေ့များ တင်သွင်းနိုင်ရေးအတွက် ပူးပေါင်း ဆောင်ရွက်နိုင်ရေး ဆွေးနွေးမှု များကိုလည်း ပြုလုပ်ခဲ့သည်။

ထို့အပြင် အိန္ဒိယနိုင်ငံဘက်မှ တင်ပို့နိုင်သည့် ဝါအမျိုးအစား များနှင့် သတ်မှတ်ချက်များ ပေးပို့ ရန်နှင့် စပ်မျိုးမဟုတ်သည့် ချည် မျှင်ရှည်ဝါမျိုးများ တင်သွင်းနိုင် ရေး ဆောင်ရွက်သွားမည်ဖြစ် သည်။

ထို့အပြင် မြန်မာနိုင်ငံ ဘက်မှ မိမိတို့တွင် အသုံးပြုလျက် ရှိသည့် ဝါအမျိုးအစား (၄၀)နှင့် (၈၀)၏ သတ်မှတ်ချက်များကို ပြန်လည်ပေးပို့ရန် နှစ်ဖက်သဘော တူညီခဲ့ကြကြောင်း သိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်-ဈ)

## တစ်ပိုင်တစ်နိုင် ရွှေဖရုံသီးပင် စိုက်ပျိုးခြင်းဖြင့် မိသားစုဝင်ငွေ ရရှိ

ကျွန်းလှ မတ် ၁၈

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ် တွင် ချောင်းရေ၊ မြေအောက်ရေ တင်ပြီး သီးနှံမျိုးစုံစိုက်ပျိုးလျက် ရှိရာ တစ်ပိုင်တစ်နိုင် ရွှေဖရုံသီးပင် စိုက်ပျိုးခြင်းဖြင့် မိသားစုဝင်ငွေ ရရှိနေကြောင်း ဒေသခံတောင်သူ များထံမှ သိရသည်။

"ကျွန်တော် ဒီနှစ် နွေရာသီမှာ ချောင်းရေတင်စနစ်နဲ့ လယ်ရိတ် သိမ်းပြီး သီးထပ်အဖြစ် ရွှေဖရုံ သီးပင် ကျင်း ၄၀ ကျော် စိုက်ပျိုး ထားပါတယ်။ စိုက်ပျိုးရာမှာ ဦးစွာ ကျင်းတူး၊ သဘာဝမြေဆွေးထည့် ရေလောင်းပြီး တစ်ကျင်းကို မျိုး စေ့နှစ်စေ့ စိုက်ပျိုးပါတယ်။ စိုက် ပျိုးပြီး သုံးရက်ခန့်မှာ အပင် ပေါက်ပါတယ်။ တစ်လခွဲခန့် အကြာ အသီးများ ဆွတ်ခူးရောင်း ချရပါတယ်။ အခုအခါ ရွှေဖရုံသီး တစ်ပိဿာငွေကျပ် ၂၀၀၀ ဈေး ရောင်းရပါတယ်။ ရွှေဖရုံစိုက်ပျိုး ရာမှာ ကုန်ကျစရိတ်သက်သာပြီး မိသားစုအတွက် နေ့စဉ် ပုံမှန်ဝင်ငွေ ရရှိတဲ့အတွက် လာမယ့်မိုးရာသီ မှာ တိုးချဲ့စိုက်ပျိုးဖို့ ပြင်ဆင်ထား ပါတယ်"ဟု ရှမ်းစုကျေးရွာမှ ရွှေ ဖရုံသီးစိုက်ပျိုးသူ ဦးသက်ဇော်က ပြောသည်။

အဆိုပါ ရွှေဖရုံသီးများကို မြို့ပေါ်တွင် ပြန်လည်ရောင်းချသည့် ဈေးသည်များ၊ ဒေသခံပြည်သူ များနှင့် နီးစပ်ရာ မြို့များသို့ ရောင်းချလျက်ရှိကြောင်း သိရ သည်။ (အောက်ပုံ)(၄၈၀)





## သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြောခြင်းနှင့် လက်တွေ့သရုပ်ပြခြင်းများ ဆောင်ရွက်

မန္တလေး မတ် ၁၈

မန္တလေး၊ ချမ်းအေးသာစံ မြို့နယ်၊ မြို့နယ်မီးသတ်ဦးစီး ဌာနရုံးမှ ဦးစီးအရာရှိ ဦးညီထွေးဦး ဦးဆောင်မှုဖြင့် အများပြည်သူ များအား သဘာဝဘေးအန္တရာယ် ဆိုင်ရာ အသိပညာပေးဟောပြော ခြင်းနှင့် လက်တွေ့သရုပ်ပြမှုများ ကို ဆောင်ရွက်လျက်ရှိရာ မတ် ၁၇ ရက် နံနက်ပိုင်းက ခတင် ၅၅၀ ဆံ့ ကလေးဆေးရုံကြီး၌ ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် ဦးစီးအရာရှိက သဘာဝဘေး အန္တရာယ်များ ကျရောက်ခဲ့လျှင် ဆောင်ရွက်ရမည့် အချက်အလက် များ၊ ကြိုတင်ပြင်ဆင်ထားရမည့် နည်းလမ်းများနှင့် သဘာဝဘေး အန္တရာယ်ဆိုင်ရာ အသိပညာပေး အကြောင်းအရာများကို ရှင်း လင်းပြောကြားပြီး ရှာဖွေကယ် ဆယ်ရေး လက်တွေ့သရုပ်ပြခြင်း များကို ဆောင်ရွက်ခဲ့သည်။

အသိပညာပေး အခမ်းအနား သို့ မြို့နယ်မီးသတ်ဦးစီးဌာနရုံးမှ ဦးစီးအရာရှိနှင့် သန္တေ၊ အရန်မီး သတ်တပ်ဖွဲ့ဝင်များ၊ ခတင် ၅၅၀ ဆံ့ကလေးဆေးရုံကြီးမှ တာဝန်ရှိ သူများနှင့် သူနာပြုဆရာ၊ ဆရာမ များ တက်ရောက်ခဲ့ကြောင်း သိရ သည်။ (အပေါ်ပုံ)

ချမ်းမြေ့မောင်(ချမ်း/စံ)

သစ်တောသစ်ပင် ချစ်ခင်တဲ့လူမျိုး
သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး။

# နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် မွန်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းများနှင့် တွေ့ဆုံ



မော်လမြိုင် မတ် ၁၈

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်အဖွဲ့ဝင် နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်သည် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်အေးမောင်၊ မွန်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်စွာမြင့်တို့နှင့်အတူ ယနေ့နံနက်ပိုင်းတွင် မော်လမြိုင်မြို့ရှိ တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်နယ်ညွှန်ကြားရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် မွန်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းများနှင့် တွေ့ဆုံပွဲသို့ တက်ရောက်သည်။

ရှင်းလင်းပြောကြား

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနအနေဖြင့် တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်ရေး၊ ချစ်ကြည်လေးစားရေးနှင့် ရိုင်းပင်းကူညီရေး၊ ပြည်ထောင်စုစိတ်ဓာတ် တိုးတက်ရှင်သန်စေရေး၊ တိုင်းရင်းသားများ၏ အခွင့်အရေးကို ဥပဒေပါ သတ်မှတ်ပြဋ္ဌာန်းချက်များအတိုင်း အပြည့်အဝခံစားရရှိစေရေး၊ တိုင်းရင်းသားလူမျိုးများ၏ စကား၊ စာပေ၊ သမိုင်း၊ အနုပညာ၊ ယဉ်ကျေးမှုအမွေအနှစ်နှင့် ရိုးရာဓလေ့ထုံးစံများကို ထိန်းသိမ်းစောင့်ရှောက်ရေး၊ တိုင်းရင်းသားဒေသများတွင် ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးစသည့်လူမှုစီးပွားဘဝများ တိုးတက်မြင့်မားစေရေးတို့အတွက် ဆောင်ရွက်လျက်ရှိသည့်အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးဇော်အေးမောင်က တိုင်းရင်းသားဘာသာစာပေသင်ကြားရေးအထောက်အကူပြု ဆရာ ဆရာမများနှင့် တိုင်းရင်းသားစာပေသင်ဆရာ ဆရာမများအား လစာတိုးမြှင့်ပေးရေးနှင့် စာပေနှင့်ယဉ်ကျေးမှုအဖွဲ့များ၏ ဆောင်ရွက်ရမည့်ကိစ္စရပ်များကို ဖြည့်စွက်ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဆိုင်ရာကိစ္စရပ်များ ပိုမိုထိန်းသိမ်းမြှင့်တင်ဆောင်ရွက်နိုင်ရန်အတွက် မွန်၊ ဗမာ၊ ကရင်၊ ပအိုဝ်းတိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့များနှင့် ဝန်ထမ်းများအား ချီးမြှင့်ငွေများ ပေးအပ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန မုဒုံမြို့ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းသို့ ရောက်ရှိရာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးက နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကိုလည်းကောင်း၊ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးက လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မှုအခြေအနေများကိုလည်းကောင်း၊ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီးက အိမ်တွင်းမှုသင်တန်းများ ဖွင့်လှစ်ပို့ချမှုအခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ မှာကြားပြီး သင်တန်းကျောင်း ဝန်ထမ်းများနှင့် သင်တန်းသူများအတွက် ချီးမြှင့်ငွေများပေးအပ်ကာ သင်တန်းသူအိပ်ဆောင်၊ သင်တန်းခန်းမ၊ မော်တာဆောင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မွန်ပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး၌ ဝန်ထမ်းများနှင့်တွေ့ဆုံပြီး နိုင်ငံ့ဝန်ထမ်းကျင့်ဝတ်ဆိုင်ရာစံတန်ဖိုးများကို တိကျစွာလိုက်နာ၍ အဂတိတရားကင်းရှင်းစွာဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဒေသခံပြည်သူလူထုနှင့်အတူ ပူးပေါင်းဆောင်ရွက်သွားကြရန်၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နယ်စပ်ရေးရာဝန်ကြီးဌာန၏ မူဝါဒ (၄) ရပ်ဖြစ်သည့် နယ်စပ်ဒေသများ တည်ငြိမ်အေးချမ်းရေး၊ နယ်စပ်ဒေသများဖွံ့ဖြိုးတိုးတက်စေရေး၊ နယ်စပ်ဒေသနေ တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေး၊ နယ်စပ်ဒေသနေ တိုင်းရင်းသားလူငယ်များ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေး စသည့်မူဝါဒများနှင့်အညီ အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## မကွေးတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်လီမိတက်၏ နှစ်ပတ်လည်အစည်းအဝေးကျင်းပ



မကွေး မတ် ၁၈

မကွေးတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်လီမိတက်၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွက် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို မတ် ၁၅ ရက် နံနက်၁၀ နာရီက အဆိုပါအသင်းရုံး အစည်းဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မကွေးတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ် ဥက္ကဋ္ဌ ဦးစံကျော်ဝင်းနှင့် မကွေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးမြင့်ဇော်ထွန်းတို့က အမှာစကားပြောကြားပြီး ရှေ့လုပ်ငန်းစဉ်များနှင့်အညီ ဆောင်ရွက်သွားကြရန်မှာကြားသည်။

ဆက်လက်၍ တာဝန်ရှိသူများက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွက် ဒါရိုက်တာအဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာ၊ နှစ်ချုပ်စစ်ဆေးချက်အစီရင်ခံစာ၊ အသင်းစာရင်းစစ်အဖွဲ့၏အစီရင်ခံစာနှင့် ဘဏ္ဍာရေးရှင်းတမ်းများကို ဖတ်ကြားရှင်းလင်းတင်ပြခဲ့ပြီး အစည်းအဝေးမှတ်တမ်းတင်ခြင်း၊ အတည်ပြုခြင်း၊ ဆုံးဖြတ်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မောင်နိုင်မင်း (ပြန်/ဆက်)

## အပူဒဏ်အန္တရာယ်ကာကွယ်ရေး နှိုးဆော်ချက်

နွေရာသီတွင် ရာသီဥတုပူပြင်းလာပြီဖြစ်သဖြင့် ခန္ဓာကိုယ်အတွင်းရှိ ရေနှင့် ဓာတ်ဆားဓာတ်များ ဆုံးရှုံးမှု ပိုမိုများပြားပါသည်။ အပူဒဏ်အန္တရာယ်ကြောင့် မိတ်နှင့် ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးဝေခြင်း၊ ခေါင်းကိုက်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ခြင်း၊ ကိုယ်အပူချိန်မြင့်တက်ခြင်း၊ သတိလစ်ခြင်းတို့ ဖြစ်ပွားနိုင်သည့်အပြင် ပြင်းထန်စွာခံစားရပါက အသက်အန္တရာယ် ထိခိုက်နိုင်ပါသည်။

ပြည်သူများအနေဖြင့် အပူဒဏ်အန္တရာယ်ကြောင့် မလိုလားအပ်သောအကျိုးဆက်များ မဖြစ်ပေါ်စေရေးအတွက် အောက်ဖော်ပြပါ အချက်များကို လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်-

(၁) ကလေးသူငယ်များ၊ သက်ကြီးပုဂ္ဂိုလ်များနှင့် ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါစသည့် နာတာရှည်ရောဂါအခံရှိသူများအနေဖြင့် နေ့လယ်နေ့ခင်းအချိန်တွင် အရိပ်ရအေးမြ၍ လေဝင်လေထွက်ကောင်းသောနေရာများတွင် နားနေပါ၊

(၂) ပူပြင်းသည့်နေရောင်အောက်တွင် ပြင်းထန်စွာအလုပ်လုပ်ခြင်းနှင့် ကိုယ်လက်လှုပ်ရှားမှုပြုလုပ်ခြင်းတို့ကို ရှောင်ကြဉ်ပါ၊

(၃) ပူပြင်းသည့် နေရောင်အောက်တွင် သွားလာလှုပ်ရှားရန်၊ အလုပ်လုပ်ရန် လိုအပ်ပါကလည်း အရိပ်လုံလောက်စွာရနိုင်သည့် ထီး၊ ဦးထုပ်များဆောင်းပါ။ အရိပ်ရအေးမြသည့်နေရာများတွင် ခေတ္တအနားယူခြင်းကိုလည်း မကြာခဏပြုလုပ်ပါ၊

(၄) အလင်းပြန်သောအဖြူရောင် သို့မဟုတ် အရောင်ဖျော့သော ပွပွချောင်ချောင်ချည်ထည်များကို ဝတ်ဆင်ပါ၊

(၅) နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းနှင့် နံနက် (၁၀) နာရီမှ ညနေ (၅) နာရီအထိ လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေချိုးဆိပ်များ၌ အဝတ်လျှော်ဖွပ်ခြင်း၊ ရေချိုးခြင်းစသည်တို့ကို ရှောင်ကြဉ်ပါ၊

(၆) ပူပြင်းသောနေရောင်အောက်တွင် အလွန်အေးသောအခန်းနှင့် ကားအတွင်းမှ ပူပြင်းသောနေရောင်ထဲသို့ ချက်ချင်းထွက်ခြင်းနှင့် အလွန်အေးသောအခန်းနှင့် ကားအတွင်းသို့ ချက်ချင်းဝင်ရောက်ခြင်းတို့ကို ရှောင်ကြဉ်ပါ၊

(၇) အရက်သေစာသောက်သုံးခြင်းကြောင့် အပူဒဏ်အန္တရာယ်ကို ပိုမိုခံစားရစေနိုင်ပြီး ဖြစ်ပွားပါက ပိုမိုပြင်းထန်စွာခံစားရနိုင်သဖြင့် ရှောင်ကြဉ်ပါ။

(၈) ခန္ဓာကိုယ်အတွင်း ရေနှင့်ဓာတ်ဆားဓာတ်များ ဆုံးရှုံးမှုမဖြစ်ပေါ်စေရန် ရေနှင့်ဓာတ်ဆားရည်ကို လုံလောက်အောင် သောက်သုံးပါ၊

(၉) မိတ်နှင့် ယားဖုများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ၊

(၁၀) အပူဒဏ်အန္တရာယ်ခံစားရသောလူနာအား အရိပ်ရအေးမြ၍ လေဝင်လေထွက်ကောင်းသောနေရာတွင် ထားရှိခြင်း၊ ရေနှင့် ဓာတ်ဆားရည်များ သောက်သုံးစေခြင်း၊ လူနာ၏ ခန္ဓာကိုယ်အပူချိန် အမြန်ကျဆင်းစေရန် နဖူး၊ လည်ပင်း၊ ချိုင်းကြားနှစ်ဖက်နှင့် ပေါင်ခြံနှစ်ဖက်တို့အား ရေအေးပတ်တိုက်ပေးခြင်း စသည်တို့အား ဦးစွာဆောင်ရွက်၍ နီးစပ်ရာဆေးရုံ/ ဆေးခန်း ကျန်းမာရေးဌာနသို့ အမြန်ဆုံးသွားရောက်ပြသ၍ ကုသမှုခံယူစေပါ။

ကျန်းမာရေးဝန်ကြီးဌာန (မတ်လ၊ ၂၀၂၆)

## အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှား

နေပြည်တော် မတ် ၁၈

ယနေ့ နံနက် ၁၀ နာရီ ၅၃ မိနစ် ၁၆ စက္ကန့်တွင် ကန့်ဘလူ မြေငလျင်စခန်းမှ အနောက်မြောက်ဘက် ၃၆ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (ကျွန်းလှမြို့၏ အနောက်မြောက်ဘက် ၃၂ မိုင်ခန့်အကွာ)မြောက်လတ္တီတွဒ် ၂၃ ဒသမ ၅၄ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒသမ ၀၈ ဒီဂရီ၊ အနက် ၅၂ ကီလိုမီတာကို ဗဟိုပြု၍ အင်အား ရစ်(ခ်)တာစကေး ၃ ဒသမ ၇ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

မိုး/ဧလ

## အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှား

နေပြည်တော် မတ် ၁၈

ယနေ့ ညနေ ၇ နာရီ ၇ မိနစ်တွင် မော်လမြိုင် မြေငလျင်စခန်းမှ အနောက်မြောက်ဘက် ၃၄ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (သထုံမြို့၏အနောက်တောင်ဘက် ၁၁ မိုင်ခန့်အကွာ)မြောက်လတ္တီတွဒ် ၁၆ ဒသမ ၇၈ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒသမ ၂၉ ဒီဂရီ၊ အနက် ၁၀ ကီလိုမီတာကို ဗဟိုပြု၍ အင်အား ရစ်(ခ်)တာစကေး ၃ ဒသမ ၅ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

မိုး/ဧလ

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် ၂၀၂၆ ခုနှစ်၊ မန္တလေးတိုင်းဒေသကြီး နွေရာသီအခြေခံအားကစားသင်တန်းဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်











**မန္တလေး မတ် ၁၈**

၂၀၂၆ ခုနှစ်၊ မန္တလေးတိုင်းဒေသကြီး နွေရာသီအခြေခံအားကစားသင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်ရှိ ဗထူးအားကစားခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့်တာဝန်ရှိသူများ၊ တိုင်းဒေသကြီးအားကစားဆပ်ကော်မတီ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးများနှင့်အဖွဲ့ဝင်များ၊ တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးနှင့်တာဝန်ရှိသူများ၊ မန္တလေးပညာရေးဒီဂရီကောလိပ်မှ ကျောင်းသား၊ ကျောင်းသူများ၊ သင်တန်းနည်းပြ ဆရာ၊ ဆရာမများ၊ သင်တန်းသား၊ သင်တန်းသူများနှင့် ဖိတ်ကြားထားသူများတက်ရောက်ကြပြီး အခမ်းအနားကို အစီအစဉ်အတိုင်း စတင်ကျင်းပခဲ့သည်။

အခမ်းအနားကို တိုင်းဒေသကြီး ဝန်ကြီးချုပ်က သင်တန်းအဖွင့်အမှာစကားပြောကြားရာတွင် နွေရာသီကျောင်းပိတ်ရက်ကာလတွင် လူငယ်များ အချိန်ကိုတန်ဖိုးရှိစွာအသုံးချ၍ ကျန်းမာကြံ့ခိုင်ပြီး ကာယ၊ ဉာဏ၊ စာရိတ္တ ဘက်စုံဖွံ့ဖြိုးစေရန်၊ အားကစားနည်းများ အားကစားလှုပ်ရှားမှုများကို အခြေခံမှစ၍ လေ့လာလိုက်စားလာစေရန်၊ အရည်အချင်းမြင့်မားပြီး အတွေးအခေါ်မှန်ကန်၍ ဗလငါးတန်နှင့်ပြည့်စုံကာ ဘက်စုံဖွံ့ဖြိုးတိုးတက်သော နိုင်ငံ့သားကောင်းလူငယ်များ ပေါ်ထွက်လာစေရန် စသည့် ရည်ရွယ်ချက်ကောင်းများဖြင့် နွေရာသီအခြေခံအားကစားသင်တန်းများကို ဖွင့်လှစ်ပေးခြင်းဖြစ်ပါကြောင်း၊ အားကစားလှုပ်ရှားခြင်းဖြင့် ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာအကျိုးကျေးဇူးများ ရရှိလာမည်ဖြစ်ပါကြောင်း၊ အခြေခံအားကစားသင်တန်းများအပြင် အဆင့်မြင့်အားကစားသင်တန်းများကိုလည်း အားကစားနည်း(၂၀)နည်းဖြင့် ဆက်လက်လေ့ကျင့်ပေးသွားမည်ဖြစ်ပါကြောင်း၊ နွေရာသီသင်တန်းများသာမက အခြားအားလပ်သည့်အချိန်များတွင်လည်း အားကစားသင်တန်းများကို တက်ရောက်ကြစေလိုကြောင်း၊ ရွက်ပုံးသီးမျိုးဆက်သစ် ထူးချွန်ထက်မြက်သည့် အားကစားသမားကောင်းများထွက်ပေါ်လာရေး ကြိုးစားသင်ယူသွားကြရန်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

၎င်းနောက် သင်တန်းသား၊ သင်တန်းသူများက အားကစားအဓိဋ္ဌာန်(၄)ချက်ကို ရွတ်ဆိုကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ခရိုင်၊ မြို့နယ်များအား သင်တန်းအထောက်အကူပြုပစ္စည်းများနှင့် ထောက်ပံ့ငွေများပေးအပ်ပြီးနောက် သင်တန်းသား၊ သင်တန်းသူများကို လိုက်လံနှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

## နွေရာသီကျောင်းပိတ်ရက် လူငယ်များဘက်စုံဖွံ့ဖြိုးရေး အခြေခံတိုင်းရင်းဆေးပညာသင်တန်း ဖွင့်လှစ်



**ကျောက်ဆည် မတ် ၁၈**

နွေရာသီကျောင်းပိတ်ရက် လူငယ်များဘက်စုံဖွံ့ဖြိုးရေး မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ခရိုင်တိုင်းရင်းဆေးပညာဦးစီးဌာနတို့ ပူးပေါင်း၍ ယနေ့နံနက်ပိုင်းက ခရိုင်လူထုအခြေပြုဗဟိုဌာနတွင် အခြေခံတိုင်းရင်းဆေးပညာ ပညာပေးရက်တိုသင်တန်း ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

ရှေးဦးစွာ ကျောက်ဆည်ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်ထွေးက အခြေခံတိုင်းရင်းဆေးပညာသင်တန်း ဖွင့်လှစ်ရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့ပြီး သင်တန်းကို ဆက်လက်သင်ကြားခဲ့ရာ ကျောက်ဆည်ခရိုင် တိုင်းရင်းဆေးပညာဦးစီးဌာန ခရိုင်တိုင်းရင်းဆေးမှူး ဦးဇော်လင်းထင်က တိုင်းရင်းဆေးပညာ၏ အခြေခံသဘောတရားများ၊ ကျောက်ဆည်မြို့ (၂၅)ခုတင်ဆံ့ တိုင်းရင်းဆေးရုံအုပ် ဒေါ်ကြည်ကြည်စိန်က မီးဖိုချောင်သုံး ဆေးဖက်ဝင်ပစ္စည်းများ အသုံးပြုပုံနှင့် မြို့နယ်တိုင်းရင်းဆေးမှူး ဒေါ်ဆွေဆွေမြင့်က ရာသီအလိုက်ယေဘုယျဖြစ်တတ်သောရောဂါများအကြောင်းကို ပို့ချပေးသွားမည်ဖြစ်သည်။

အဆိုပါသင်တန်းကို ကျောက်ဆည်မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား၊ ကျောင်းသူ ၄၈ ဦးအား ၂၀၂၆ ခုနှစ်၊ မတ် ၁၈ ရက်မှ မတ် ၂၀ ရက်အထိ စာတွေ့လက်တွေ့(အခမဲ့) သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **(တင်တင်ထွေး)**

# သမ္မတဒေါ်နယ်လ်ထရမ့်နှင့် အိုင်ယာလန်ဝန်ကြီးချုပ် မိဟိုးလ်မာတင် အိမ်ဖြူတော် ဘဲဥပုံရုံးခန်း၌ စိန့်ပက်ထရစ်နေ့ အထိမ်းအမှတ်တွေ့ဆုံ



**ဝါရှင်တန် မတ် ၁၈**

အိမ်ဖြူတော် ဘဲဥပုံရုံးခန်းအတွင်း၌ တွေ့ဆုံစဉ် အိုင်ယာလန်နှင့် အမေရိကန်ပြည်ထောင်စုအကြား တည်ရှိသည့် ခိုင်မာအားကောင်းသော ဆက်ဆံရေးကို အသိအမှတ်ပြုခဲ့သည့်အတွက် ဒေါ်နယ်လ်ထရမ့်ကို ကျေးဇူးတင်ရှိသည်ဟု အိုင်ယာလန်ဝန်ကြီးချုပ် မိဟိုးလ်မာတင်က ပြောကြားခဲ့ကြောင်း စီအင်န်အင်န် သတင်းဌာနက ဖော်ပြသည်။

စိန့်ပက်ထရစ်နေ့ အထိမ်းအမှတ်အဖြစ် ဝါရှင်တန်သို့ နှစ်စဉ်သွားရောက်သည့် ခရီးစဉ်၏ အစိတ်အပိုင်းတစ်ခုအဖြစ် အိမ်ဖြူတော်တွင် အမေရိကန်သမ္မတနှင့် ၎င်းတွေ့ဆုံခဲ့ခြင်းဖြစ်သည်။

အိုင်ယာလန်နှင့်အမေရိကန်အကြား အလွန်ကောင်းမွန်သော ကုန်သွယ်ရေးဆက်ဆံမှုမှာ အရှိန်အဟုန်ဖြင့် ပိုမိုကျယ်ပြန့်လာမည်ဖြစ်သည်ဟု သမ္မတထရမ့်က ထိုတွေ့ဆုံမှုအတွင်း ပြောကြားသည်။

အိုင်ယာလန်ဝန်ကြီးချုပ်ကို ကြိုဆိုရခြင်းမှာ ဂုဏ်ယူဖွယ်ရာဖြစ်ပြီး ၎င်းတို့နှစ်ဦးသည် ကုန်သွယ်ရေးအပါအဝင် အကြောင်းအရာအမျိုးမျိုးကို ဆွေးနွေးသွားမည်ဟုလည်း ၎င်းကထပ်လောင်းပြောကြားကြောင်း သိရသည်။

**Mon**

# လေကြောင်းခရီးစဉ်များ လျှော့ချရေးအတွက် ပြင်ဆင်ထားရန် ဗီယက်နမ်အာဏာပိုင်များ ပြည်တွင်းလေကြောင်းကဏ္ဍကို သတိပေး

**ဟနွိုင်း မတ် ၁၈**

တရုတ်နှင့် ထိုင်းနိုင်ငံတို့က လေယာဉ်ဆီ တင်ပို့မှုများကို ရပ်ဆိုင်းလိုက်ပြီးနောက် လာမည့် ဧပြီလမှစတင်၍ လေကြောင်းခရီးစဉ်များ လျှော့ချရနိုင်ခြေအတွက် ပြင်ဆင်ထားရန် ဗီယက်နမ် အာဏာပိုင်များက နိုင်ငံ၏လေကြောင်းကဏ္ဍကို သတိပေးလိုက်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ဗီယက်နမ်နိုင်ငံသည် ၎င်းတို့ လိုအပ်သော လေယာဉ်ဆီပမာဏ၏ သုံးပုံနှစ်ပုံကျော်ကို ပြည်ပမှတင်သွင်းနေရခြင်းဖြစ်ပြီး ယင်းအနက် ၆၀ ရာခိုင်နှုန်းမှာ တရုတ်နှင့် ထိုင်းနိုင်ငံတို့မှ တင်သွင်းရခြင်းဖြစ်သည်။

ဧပြီလ အစောပိုင်းနှင့် နောက်ပိုင်းလများတွင် ဗီယက်နမ်လေကြောင်းလိုင်းများအတွက် လေယာဉ်ဆီ ပြတ်လပ်နိုင်သည့် အန္တရာယ်များရှိနေကြောင်း ဗီယက်နမ် အရပ်ဘက်လေကြောင်း အာဏာပိုင်အဖွဲ့က ပို့ဆောင်ရေးဝန်ကြီးဌာနက ထုတ်ပြန်ကြေညာသည်။

အထူးသဖြင့် လေကြောင်းလိုင်းများအနေဖြင့် ပြည်တွင်းခရီးစဉ် ပျံသန်းမှု အစီအစဉ်များကို ပြန်လည်သုံးသပ်သင့်ပြီး လေဆိပ်လုပ်ငန်း ဆောင်ရွက်သူများအနေဖြင့်လည်း ဗီယက်နမ်လေကြောင်းလိုင်းများအတွက် လေယာဉ်ရပ်နားရန် နေရာများ ထပ်မံပြင်ဆင်ထားရန် ညွှန်ကြားထားသည်။

ဗီယက်နမ်နိုင်ငံသည် စင်ကာပူနိုင်ငံမှ တင်သွင်းသော လောင်စာဆီပမာဏ လျော့ကျမှုလည်း ကြုံတွေ့နေရကြောင်း သိရသည်။

**Mon**



# အိုင်ဒီယူနစ်စ် ၀၈ လျှပ်စစ်အက်စ်ယူဗီမော်တော်ယာဉ်များကို တရုတ်နိုင်ငံအရှေ့ပိုင်း ဟဲဖေးမြို့တွင် စတင်ထုတ်လုပ်နေပြီ

**ပေကျင်း မတ် ၁၈**

ဗောက်စ်ဝက်ဂွန်အုပ်စုသည် တရုတ်နိုင်ငံ၏ စွမ်းအင်သစ်သုံး မော်တော်ယာဉ်ထုတ်လုပ်ရေးလုပ်ငန်းဖြစ်သော အိတ်စ်ပင်နှင့် ပူးပေါင်း၍ အိုင်ဒီယူနစ်စ် ၀၈ လျှပ်စစ်အက်စ်ယူဗီမော်တော်ယာဉ်များကို တရုတ်နိုင်ငံအရှေ့ပိုင်း ဟဲဖေးမြို့တွင် စတင်ထုတ်လုပ်နေပြီဖြစ်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

အိုင်ဒီယူနစ်စ် ၀၈သည် ဗောက်စ်ဝက်ဂွန်၏ တရုတ်နိုင်ငံအတွင်း တရုတ်နိုင်ငံအတွက်ဟူသော မဟာဗျူဟာ၏ ခြေလှမ်းတစ်ရပ်ဖြစ်ပြီး တရုတ်ဈေးကွက်အတွက် သီးသန့်ထုတ်လုပ်ထားသည့် ကုမ္ပဏီ၏ ပထမဆုံးသော အလုံးစုံချိတ်ဆက်ထားသည့် လျှပ်စစ်အက်စ်ယူဗီ အမျိုးအစားဖြစ်သည်ဟု ဆိုသည်။

အဆိုပါ မဟာဗျူဟာသည် ရလဒ်ကောင်းများ ထွက်ပေါ်လာနေပြီး အိုင်ဒီယူနစ်စ် ၀၈ နှင့်အတူ တရုတ်နိုင်ငံအတွင်း အကြီးမားဆုံးသော လျှပ်စစ်ယာဉ်ဆိုင်ရာ ထိုးဖောက်မှုကို စတင်နေခြင်းဖြစ်ကြောင်း ဗောက်စ်ဝက်ဂွန် အုပ်စု (တရုတ်)၏ ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ် ရပ်လ်ဖ်ဘရန်စတက်တာက ပြောကြားသည်။

ဗောက်စ်ဝက်ဂွန်အုပ်စုအနေဖြင့် ယခုနှစ်အတွင်း ပျမ်းမျှအားဖြင့် နှစ်ပတ်လျှင် လျှပ်စစ်ကား အသစ်တစ်စီးနှုန်း မိတ်ဆက်သွားမည်ဖြစ်ကြောင်း သိရသည်။

**Mon**

**0-0-0-0-0**




# ကုန်စည်ပြတ်လပ်မှုအတွက် စိုးရိမ်ရန် အကြောင်းမရှိဟု ကာတာအကောက်ခွန်အာဏာပိုင်အဖွဲ့ အကြီးအကဲ ပြောကြား

**ဒိုဟာ မတ် ၁၈**

ဒေသတွင်း တင်းမာမှုများ မြင့်တက်နေသော်လည်း ကာတာနိုင်ငံအနေဖြင့် ကုန်စည်ပြတ်လပ်မှု သို့မဟုတ် ထောက်ပံ့ရေးကွင်းဆက်ပြတ်တောက်မှုများအတွက် စိုးရိမ်ရန် အကြောင်းမရှိဟု ကာတာ အကောက်ခွန်အာဏာပိုင်အဖွဲ့အကြီးအကဲက ပြောကြားကြောင်း အယ်လ်ဂျာဇီးယားသတင်းဌာနက ဖော်ပြသည်။

မဟာဗျူဟာမြောက် အရန်ရိက္ခာများ၊ ဒစ်ဂျစ်တယ် အကောက်ခွန်စနစ်များနှင့် ကုန်သွယ်မှုလမ်းကြောင်းအမျိုးမျိုး ရှိနေခြင်းကြောင့် ကုန်စည်စီးဆင်းမှုကို ကောင်းမွန်စွာ ထိန်းသိမ်းထားနိုင်သည်ဟု ၎င်းကဆိုသည်။

သွင်းကုန်တင်သွင်းသည့် အရင်းအမြစ်များကို ခွဲထုတ်ထားခြင်း၊ ထောက်ပံ့ပို့ဆောင်ရေးအခြေခံအဆောက်အအုံများ ထိရောက်ကောင်းမွန်ခြင်းနှင့် မရှိမဖြစ်လိုအပ်သော ကုန်စည်များအတွက် မဟာဗျူဟာမြောက် အရန်သိုလှောင်မှု လုံလောက်စွာရှိခြင်းတို့က ကာတာနိုင်ငံ၏ ကုန်စည်စီးဆင်းမှု တည်ငြိမ်ရေးကို အထောက်အကူပြုနေကြောင်း ကာတာနိုင်ငံ အကောက်ခွန်အထွေထွေအာဏာပိုင်အဖွဲ့ ဥက္ကဋ္ဌ အာမတ်ဘင် အဗ္ဗဒူလာ အယ်လ်ဂျာမလ်က ပြောကြားသည်။

ကာတာနိုင်ငံအတွင်း ကုန်စည်ပြတ်လပ်မှု သို့မဟုတ် ထောက်ပံ့ရေးကွင်းဆက်များ ထိခိုက်မည့် အခြေအနေကို ပြသနေသည့် မည်သည့်အညွှန်းကိန်းမျှ မရှိကြောင်း အယ်လ်ဂျာမလ်က အယ်လ်ဂျာဇီးယားနှင့် တွေ့ဆုံမေးမြန်းခန်းတွင် ဖြေကြားသည်။

ဒေသတွင်း ဖြစ်ပေါ်တိုးတက်မှုများကြောင့် ထောက်ပံ့ရေးကွင်းဆက်များ ထိခိုက်မှုမရှိစေရန်နှင့် ကုန်စည်များ ချောမွေ့စွာ စီးဆင်းစေရန်အတွက် အခြားအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ နိုင်ငံ၏ဝင်ပေါက် အသီးသီးမှ ကုန်သွယ်မှုစီးဆင်းမှုများကို အကောက်ခွန်အာဏာပိုင်များက ဆက်လက်စောင့်ကြည့်လျက်ရှိကြောင်း သိရသည်။

**Mon**



# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ

# ဒယ်လာဝဲပြည်နယ်တွင် မုန်တိုင်းများ ဆက်တိုက်ဖြတ်သန်းနေ လေပြင်းတိုက်ခတ်နိုင်သည့် သတိပေးချက် ဆက်လက်ထုတ်ပြန်



**ဝါရှင်တန် မတ် ၁၈**

အမေရိကန်ပြည်ထောင်စု ဒယ်လာဝဲပြည်နယ်တွင် လေဆင်နှာမောင်းမုန်တိုင်းသတိပေးချက် သက်တမ်းကုန်ဆုံးသွားပြီ ဖြစ်သော်လည်း ပြည်နယ်အတွင်းသို့ အားပြင်းသော မုန်တိုင်းများ ဆက်တိုက်ဖြတ်သန်းနေခြင်းကြောင့် လေပြင်းတိုက်ခတ်နိုင်သည့် သတိပေးချက် ဆက်လက်ထုတ်ပြန်ထားကြောင်း သိရသည်။

အမျိုးသားမိုးလေဝသဌာန၏ ထုတ်ပြန်ချက်အရ အဆိုပါမုန်တိုင်းများသည် ဒယ်လာဝဲပြည်နယ်အတွင်းသို့ မတ် ၁၆ ရက်၊ မွန်းလွဲ ၂ နာရီခန့်တွင် စတင်ဝင်ရောက်လာကာ ဆက်လက်တည်ရှိနေမည်ဖြစ်ရာ ပြည်နယ်တစ်ဝန်းတွင် မိုးရေချိန် သုည ဒသမ ၂၅ လက်မမှ ၁ လက်မအထိ ရွာသွန်းနိုင်သည်ဟု ဆိုသည်။

မိုးသက်လေပြင်းတိုက်ခတ်ပါက မိုးရေချိန် ပိုမိုများပြားနိုင်ပြီး တစ်နာရီလျှင် မိုင် ၅၀ နှုန်းအထိရှိသော လေပြင်းများနှင့်အတူ မိုးသီးကြွေကျခြင်းများလည်းဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းထားသည်။

ဒယ်လာဝဲပြည်နယ်အတွင်းရှိ ပြည်သူများအနေဖြင့် လဲကျလာနိုင်သည့် သစ်ပင်များနှင့် ဓာတ်အားလိုင်းများကို သတိပြုကြရန်လည်း သတိပေးထားသည်။

မုန်တိုင်း ဖြစ်ပေါ်နိုင်ခြေမှာ ဒေသ၏ အနောက်မြောက်ပိုင်းနှင့် အရှေ့တောင်ပိုင်းတို့တွင် လျော့နည်းသွားပြီဖြစ်သော်လည်း အဝေးပြေးလမ်းမကြီးတစ်လျှောက်နှင့် ယင်းလမ်းမကြီး၏ အနောက်တောင်ဘက်တို့တွင် အန္တရာယ်ရှိနေဆဲဖြစ်ကြောင်း အမျိုးသားမိုးလေဝသဌာနက လူမှုကွန်ရက်၌ ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

**Mon**

**0-0-0-0-0**






## ချန်ပီယံလိဂ် ကွာတားဖိုင်နယ်အဆင့်သို့ အာဆင်နယ်အသင်း သုံးရာသီဆက်တိုက် တက်ရောက်



**လန်ဒန် မတ် ၁၈**

အာဆင်နယ်အသင်းသည် ချန်ပီယံလိဂ် ကွာတားဖိုင်နယ် အဆင့်သို့ သုံးရာသီဆက်တိုက် တက်ရောက်နိုင်သည့် မှတ်တမ်းကောင်းတစ်ရပ်ပိုင်ဆိုင်ခဲ့သည်။

အာဆင်နယ်အသင်းသည် ၂၀၂၅-၂၀၂၆ ဘောလုံးရာသီ ချန်ပီယံလိဂ် ၁၆သင်း ရှုံးထွက် အဆင့်တွင် လေဗာကူဆင်အသင်းကို နှစ်ကျော့ပေါင်းရလဒ် သုံးဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိပြီး ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်ပြီးနောက် ယခုလို မှတ်တမ်းတစ်ရပ် ပိုင်ဆိုင်ခဲ့ခြင်း ဖြစ်သည်။

အာဆင်နယ်အသင်းသည် ၂၀၂၅-၂၀၂၆ ဘောလုံးရာသီ ချန်ပီယံလိဂ် ကွာတားဖိုင်နယ် ပွဲစဉ်အဖြစ် စပို့တင်းလစ္စဘွန်းအသင်းနှင့် ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်သည်။

(ဓါတ်ပုံ) (NGB)

## ပီအက်စ်ဂျီအသင်းတွင်သာ ဆက်ရှိသွားမည်ဟု ဒမ်ဘီလီ ပြောကြား

**ပါရီ မတ် ၁၈**

ပီအက်စ်ဂျီအသင်းတိုက်စစ်မှူး ဒမ်ဘီလီက မိမိအနေဖြင့် အသင်းမှ ထွက်ခွာမည်ဆိုသော သတင်းများသည် ကောလာဟလများသာဖြစ်ပြီး၊ အသင်းတွင်သာ ဆက်ရှိသွားမည်ဖြစ်ကြောင်း အတည်ပြု ပြောကြားခဲ့သည်။

အဆိုပါ တိုက်စစ်မှူးကို လက်ရှိအချိန်တွင် ဥရောပကလပ်အသင်းများစွာက ခေါ်ယူရန် စိတ်ဝင်စားနေသော်လည်း ၎င်းက အသင်းတွင်သာ ဆက်ရှိသွားမည်ဖြစ်သည်။

တိုက်စစ်မှူး ဒမ်ဘီလီသည် ပီအက်စ်ဂျီအသင်းနှင့်အတူ ယခုနှစ်ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ၂၇ပွဲ ကစားပြီး ၁၂ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။

အသက်(၂၈)နှစ်အရွယ်ရှိ ဒမ်ဘီလီက "ကျွန်တော် အသင်းမှာပဲ ဆက်ရှိသွားမှာပါ။ ဒီအသင်းနဲ့အတူ အောင်မြင်မှုများစွာလည်း ရယူသွားမှာပါ။ ကျွန်တော်ကိုယ်တိုင်ကလည်း ဒီမှာပျော်ရွှင်နေပါတယ်"ဟု ပြောသည်။

(အောက်ပုံ) (NGB)



## ပီတာ အန်ဂါးစ်အသင်းနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆို

**ပါရီ မတ် ၁၈**

ပြင်သစ်လီဂူးကလပ် အန်ဂါးစ်အသင်းသည် အသင်းတိုက်စစ်မှူး ပီတာအား ၂၀၂၈ ခုနှစ်အထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အသက်(၁၈)နှစ်အရွယ်ရှိ တိုက်စစ်မှူးသည် အန်ဂါးစ်အသင်းနှင့်အတူ ယခုနှစ် ဘောလုံးရာသီတွင် ပြင်သစ်လီဂူးပွဲစဉ် ၂၃ ပွဲ ကစားပြီး သုံးဂိုး သွင်းယူကာ ခြေစွမ်းပြထားပြီး၊ အနာဂတ်တွင် ထွန်းတောက်လာမည့် ကစားသမားတစ်ဦးအဖြစ် သတ်မှတ်ခြင်းခံထားရသောကြောင့် အသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ခြင်း ဖြစ်သည်။

အန်ဂါးစ်အသင်း၏ ထုတ်ပြန်ချက်တွင် "ပီတာကို သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ပါပြီ။ အသင်းအနေနဲ့လည်း နောက်ထပ်စာချုပ်သက်တမ်း ကုန်ဆုံးတော့မယ့် ကစားသမားတွေကို သက်တမ်းတိုးဖို့ ဆက်လက်လုပ်ဆောင်သွားမှာပါ"ဟု ထုတ်ပြန်သည်။

(အောက်ဓါတ်ပုံ) (NGB)






## 2026 Dubrovnik Open တင်းနစ်ပြိုင်ပွဲ မတ် ၂၃ ရက်တွင် စတင်မည်

**လန်ဒန် မတ် ၁၈**

ခရိုအေးရှားနိုင်ငံတွင် ကျင်းပမည်ဖြစ်သော အမျိုးသမီးတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2026 Dubrovnik Open တင်းနစ် ပြိုင်ပွဲကို လာမည့် မတ် ၂၃ ရက်တွင် စတင်သွားမည် ဖြစ်သည်။

အဆိုပါ 2026 Dubrovnik Open တင်းနစ်ပြိုင်ပွဲကို မတ် ၂၃ ရက်မှ ၃၀ ရက်အထိ ရှစ်ရက်ကြာ ကျင်းပသွားမည် ဖြစ်သည်။

2026 Dubrovnik Open တင်းနစ်ပြိုင်ပွဲသို့ နာမည်ကျော် တင်းနစ်မယ်များစွာ ဝင်ရောက်ယှဉ်ပြိုင်သွား မည်ဖြစ်သည်။

2026 Dubrovnik Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဖြစ်သောသူသည် ဆုကြေးငွေအဖြစ် အမေရိကန်ဒေါ်လာ ၁၁၅၀၀၀ ရရှိသွားမည် ဖြစ်သည်။

(အပေါ်ပုံ) (NGB)

## ရီးစ်ဂျိမ်းစ် တံကောက်ကြောဒဏ်ရာကြောင့် ရက်သတ္တပတ်အတန်ကြာ အနားယူရဖွယ်ရှိ



**လန်ဒန် မတ် ၁၈**

ချဲလ်ဆီးအသင်းနောက်ခံကစားသမား ရီးစ်ဂျိမ်းစ်သည် တံကောက်ကြောဒဏ်ရာကြောင့် ရက်သတ္တပတ်အတန်ကြာ အနားယူရဖွယ် ရှိနေသည်။

အဆိုပါ နောက်ခံကစားသမားသည် ချဲလ်ဆီးအသင်းက နယူးကာဆယ်အသင်းကို တစ်ဂိုး၊ ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည့်ပွဲစဉ်တွင် ဒဏ်ရာရရှိခဲ့ခြင်း ဖြစ်သည်။

နောက်ခံကစားသမား ရီးစ်ဂျိမ်းစ် ဒဏ်ရာပြဿနာနှင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် ချဲလ်ဆီးအသင်းအတွက် ကြီးမားသည့် ထိုးနှက်ချက်တစ်ရပ်ဖြစ်လာခဲ့သည်။

အသက်(၂၆)နှစ်အရွယ်ရှိ နောက်ခံကစားသမား ရီးစ်ဂျိမ်းစ်သည် ချဲလ်ဆီးအသင်းနှင့်အတူ ၂၀၁၈-၂၀၁၉ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၂၂၆ပွဲ ကစားကာ ၁၆ဂိုး သွင်းယူပြီး ခြေစွမ်းပြထားသည်။

(အပေါ်ဓါတ်ပုံ) (NGB)

## လော်ရန်ဇိုပယ်လီဂရီနီကို ခေါ်ယူရန် ဂျူဗင်တပ်အသင်း စီစဉ်

**လန်ဒန် မတ် ၁၈**

ဂျူဗင်တပ်အသင်းသည် ရိုးမားအသင်း ကွင်းလယ်ကစားသမား လော်ရန်ဇိုပယ်လီဂရီနီကို ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

အသက်(၂၉)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် ရိုးမားအသင်းနှင့်အတူ ၂၀၁၇-၂၀၁၈မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၃၄၃ပွဲကစားပြီး ဂိုး ၆၀ အထိ သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဂျူဗင်တပ်အသင်းက ခေါ်ယူရန် စီစဉ်လာခြင်းဖြစ်သည်။

ကွင်းလယ်ကစားသမား လော်ရန်ဇိုပယ်လီဂရီနီကိုယ်တိုင်ကလည်း ရိုးမားအသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးတော့မည်ဖြစ်သောကြောင့် အသင်းမှ ထွက်ခွာသွားဖွယ်ရှိနေသည်။

ထို့ကြောင့် ဂျူဗင်တပ်အသင်းအနေဖြင့် လာမည့် နွေရာသီဈေးကွက်အတွင်းတွင် ရိုးမားအသင်းထံမှ လော်ရန်ဇိုပယ်လီဂရီနီကို ခေါ်ယူနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

(အောက်ပုံ) (NGB)



## အီဂေါ်သီယာဂို ဘရာဇီးလက်ရွေးစင်အသင်းတွင် ပထမဆုံးအကြိမ်အဖြစ် ရွေးချယ်ခြင်းခံရ




**လန်ဒန် မတ် ၁၈**

ဘရန့်ဖို့ဒ်အသင်းတိုက်စစ်မှူး အီဂေါ်သီယာဂိုသည် ဘရာဇီးလက်ရွေးစင်အသင်းတွင် ပထမဆုံးအကြိမ်အဖြစ် ရွေးချယ်ခြင်း ခံခဲ့ရသည်။

အဆိုပါ တိုက်စစ်မှူးသည် ဘရန့်ဖို့ဒ်အသင်းနှင့်အတူ ယခုနှစ်ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ၃၂ပွဲ ကစားပြီး ၂၂ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဘရာဇီး လက်ရွေးစင်အသင်းက ရွေးချယ်ခဲ့ခြင်းဖြစ်သည်။ (ဓါတ်ပုံ)

အသက်(၂၄)နှစ်အရွယ်ရှိ အီဂေါ်သီယာဂိုက "ကျွန်တော် ဘရာဇီးလက်ရွေးစင်အသင်းမှာ ရွေးချယ်ခြင်းခံရလို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ ကျွန်တော့်ကို ရွေးချယ်ပေးတဲ့ အသင်းနည်းပြအဖွဲ့ဝင်တွေ အားလုံးကိုလည်း အထူးကျေးဇူးတင်ပါတယ်။ဘရာဇီး လက်ရွေးစင်အသင်းနှင့်အတူ အစွမ်းကုန်ပေးဆပ်ကြိုးစားသွားမှာပါ"ဟု ပြောသည်။ (NGB)

## ဘောလုံးသတင်းအတိုအထွာများ

* မန်ယူအသင်းသည် အေဗျက်စ်အသင်း တောင်ပံကစားသမား မီကာဂေါ့သ်ကို ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။

* ပီအက်စ်ဂျီအသင်းသည် ၂၀၂၅-၂၀၂၆ ဘောလုံးရာသီ ချန်ပီယံလိဂ် ၁၆သင်း ရှုံးထွက်အဆင့်တွင် ချဲလ်ဆီးအသင်းကို နှစ်ကျော့ပေါင်းရလဒ် ရှစ်ဂိုး၊ နှစ်ဂိုးဖြင့် အနိုင်ရရှိကာ ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ခဲ့သည်။

* အာဖရိကဘောလုံးအဖွဲ့ချုပ်(CAF)သည် ၂၀၂၅ အာဖရိကနိုင်ငံများဖလားဗိုလ်လုပွဲရလဒ်အား ပယ်ဖျက်ပြီး မော်ရိုကိုအသင်းကို သုံးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ပေးခဲ့ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။

(NGB)

## ယူရိုပါလိဂ် ဘောလုံးပြိုင်ပွဲ ၁၆ သင်းအဆင့်(ဒု-အကျော့ ပွဲစဉ်များ) နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် | | |
|---|---|---|---|---|
| ၂၀-၃-၂၀၂၆ သောကြာနေ့ | နံနက် ၀၀:၁၅ နာရီ | မစ်ဂျေးလန်(ဒိန်းမတ်-၂) | - | နော့တင်ဟမ်(အင်္ဂလန်-၁၇) |
| ״ | ״ | ဖရိုင်းဘတ်(ဂျာမနီ-၈) | - | ဂျန့်ခ်(ဘယ်လ်ဂျီယံ-၇) |
| ״ | ״ | လိုင်ယွန်(ပြင်သစ်-၄) | - | ဆဲလ်တာဗီဂို(စပိန်-၆) |
| ၂၀-၃-၂၀၂၆ သောကြာနေ့ | နံနက် ၀၂:၃၀ နာရီ | အက်စတွန်ဗီလာ(အင်္ဂလန်-၄) | - | လိုင်လီ(ပြင်သစ်-၅) |
| ״ | ״ | ပေါ်တို(ပေါ်တူဂီ-၁) | - | စတုဂတ်(ဂျာမနီ-၄) |
| ״ | ״ | ဘက်တစ်(စပိန်-၅) | - | ပနာသီနာကို့စ်(ဂရိ-၄) |
| ״ | ״ | ရိုးမား(အီတလီ-၆) | - | ဘိုလော့ဂ်နာ(အီတလီ-၈) |

# ၂၀၂၆ ခုနှစ်၊ မန္တလေးမြို့တော် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကျင်းပရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ





**မန္တလေး မတ် ၁၈**

၂၀၂၆ ခုနှစ်၊ မန္တလေးမြို့တော် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကျင်းပရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံး ရှစ်ထပ်ဆောင် အစည်းအဝေးခန်းမ၌ ကျင်းပရာ ပွဲတော်ကျင်းပရေး ဦးစီးကော်မတီနာယက မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးကျော်ဆန်း တက်ရောက်အမှာစကား ပြောကြားသည်။

ညှိနှိုင်းအစည်းအဝေးသို့ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဦးဝင်းမောင်၊ တွဲဖက်အတွင်းရေးမှူး ဦးသက်နိုင်ထွန်း၊ ကော်မတီဝင်များနှင့် ဌာနမှူးများ၊ ရုံးအဖွဲ့မှူးနှင့် မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြို့တော်ဝန်က အဖွင့်အမှာစကားပြောကြားရာ၌ ၂၀၂၆ ခုနှစ်၊ မန္တလေးမြို့တော် မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော်ကြီးကို စည်ကားသိုက်မြိုက်စွာဖြင့် အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဦးစီးကော်မတီနှင့်ဆပ်ကော်မတီများ ဖွဲ့စည်းတာဝန်ပေးအပ်ပြီးဖြစ်ရာ လုပ်ငန်းတာဝန်များကို ယခင်နှစ်များက အတွေ့အကြုံများပေါ် အခြေခံ၍ လိုအပ်ချက်များကို ကြိုတင်ပြင်ဆင်နိုင်ရေးအတွက် အားလုံးပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ကြရမည်ဖြစ်ပြီး ပွဲတော်ကြီး အောင်မြင်စွာကျင်းပနိုင်ရေး ဝိုင်းဝန်းဆွေးနွေးကြစေလိုကြောင်း စသည်ဖြင့် ပြောကြားခဲ့သည်။

ဆက်လက်၍ မန္တလေးမြို့တော် မဟာသင်္ကြန်မဏ္ဍပ်ဆောက်လုပ်ရေး၊ ရေကစားမဏ္ဍပ်များ ဆောက်လုပ်ရေးနှင့် ရေကစားမဏ္ဍပ်များ ကြံ့ခိုင်မှုစစ်ဆေးရေးဆပ်ကော်မတီ၊ မဏ္ဍပ်များ၊ ယာဉ်အပ်နှံစခန်းများ၊ ဈေးဆိုင်ခန်းများ နေရာချထားရေး ဆပ်ကော်မတီ၊ လုံခြုံရေးနှင့်စည်းကမ်းထိန်းသိမ်းရေးဆပ်ကော်မတီ၊ ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားပြင်ဆင်ရေးဆပ်ကော်မတီ၊ ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေးဆပ်ကော်မတီ၊ သယ်ယူပို့ဆောင်ရေးဆပ်ကော်မတီ၊ ဖျော်ဖြေရေးနှင့်ပြန်ကြားရေးဆပ်ကော်မတီ၊ ဧည့်ခံကျွေးမွေးရေးဆပ်ကော်မတီ၊ ဘဏ္ဍာရေးနှင့် ဆုချီးမြှင့်ရေးဆပ်ကော်မတီနှင့် ကောင်းမှုကုသိုလ်ပြုရေးဆပ်ကော်မတီအသီးသီးမှ အတွင်းရေးမှူးများက မိမိတို့ဆပ်ကော်မတီအလိုက် ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များကို အသီးသီး ဆွေးနွေးတင်ပြကြရာ မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီ အတွင်းရေးမှူးနှင့် ကော်မတီဝင်များက ဖြည့်စွက်ဆွေးနွေးကြသည်။

ထို့နောက် တင်ပြချက်များအပေါ် ပွဲတော်ကျင်းပရေးဦးစီးကော်မတီနာယက မြို့တော်ဝန်က ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး အစည်းအဝေးကို ပြီးမြောက်ခဲ့သည်။ ၂၀၂၆ ခုနှစ်၊ မန္တလေးမြို့တော် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကြီးတွင် နန်းမြို့ကျုံးပတ်လည်၌ ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များ၊ စီးပွားရေးလုပ်ငန်းရှင်များ၏ မဏ္ဍပ်များ စုစုပေါင်းမဏ္ဍပ် (၄၀)ကျော်ဖြင့် စည်ကားစွာ ကျင်းပသွားမည်ဖြစ်သည့်အပြင် ၂၆ လမ်းတစ်လျှောက် လမ်းလျှောက်သင်္ကြန်အား ယခုနှစ်တွင် တမူထူးခြားစွာဖြင့် ဒြပ်မဲ့ယဉ်ကျေးမှု မြန်မာ့ရိုးရာသနပ်ခါးနှင့်လက်ဖက် တို့ကို ဂုဏ်ပြုသည့်အနေဖြင့် ပါဝင်ထည့်သွင်းထားပြီး သင်္ကြန်ပွဲတော်လာ ပြည်သူများ ပျော်ရွှင်စွာဆင်နွှဲနိုင်မည်ဖြစ်ကြောင်း၊ ထို့ပြင် လောင်းလှေများ၊ စဉ့်အိုးများ၊ အုန်းလက်မဏ္ဍပ်များဖြင့် ရှေးရိုးရာ အစဉ်အလာအတိုင်း ရေကစားနိုင်အောင် ထည့်သွင်းစီစဉ်ထားရှိကြောင်း သိရသည်။ မန္တလေးမြို့တော် ဗဟိုမဏ္ဍပ်ကြီးတွင်လည်း နိုင်ငံကျော်အဆိုတော်များဖြင့် ဧည့်ခံဖျော်ဖြေသွားမည်ဖြစ်သည့်အပြင် သင်္ကြန်ပွဲတော်အကြိုနေ့ မန္တလေးမြို့တော်မဏ္ဍပ်ဖွင့်ပွဲ၌ အခြေခံပညာကျောင်းအသီးသီးမှ ယိမ်းအကအဖွဲ့ဝင် ကျောင်းသူလေးများက ညီညာလှပစွာကပြပြီး မန်းစည်ပင်ယိမ်းအကအဖွဲ့ သမီးပျိုလေးများနှင့်အတူ ဖျော်ဖြေတင်ဆက်ကြမည်ဖြစ်ကြောင်း၊ နိုင်ငံကျော်မြို့မငွေငန်းအလှပြယာဉ်ကြီးအပြင် ပြိုင်ပွဲဝင်အလှပြယာဉ်များ၊ ပြိုင်ပွဲဝင်ယိမ်းအကအလှအဖွဲ့များဖြင့် စည်ကားစွာ ကျင်းပသွားမည်ဖြစ်ပြီး ဆုများကို ထိုက်ထိုက်တန်တန်ချီးမြှင့်ပေးသွားမည်ဖြစ်ကာ ဓာတ်ပုံပြိုင်ပွဲကိုလည်း ထည့်သွင်းကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

## ဓာတ်သတ္တု (ရွှေ)ရောင်းဝယ်မှုလုပ်ငန်းများအား ကွင်းဆင်းစစ်ဆေး



**တောင်တွင်းကြီး မတ် ၁၈**

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ တောင်တွင်းကြီးမြို့နယ် အဖိုးတန်ဓာတ်သတ္တု (ရွှေ)ရောင်းဝယ်သူများဆိုင်ရာ မှတ်ပုံတင်အဖွဲ့သည် ယနေ့နံနက်ပိုင်းက မြို့နယ်အတွင်းရှိ အဖိုးတန်ဓာတ်သတ္တု (ရွှေ)ရောင်းဝယ်ခြင်း ဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်လျက်ရှိသည့် လူပုဂ္ဂိုလ်၊ ကုမ္ပဏီများ၊ ရတနာဆိုင်များအား ယနေ့နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးခဲ့သည်။

အဆိုပါ ကွင်းဆင်းစစ်ဆေးရာတွင် အဖိုးတန်ဓာတ်သတ္တု (ရွှေ)ရောင်းဝယ်သူများဆိုင်ရာ မှတ်ပုံတင်အဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဇင်ဦးနှင့် အဖွဲ့ဝင်များသည် ဓာတ်သတ္တု(ရွှေ)ရောင်းဝယ်ခြင်း ဝန်ဆောင်မှုလုပ်ငန်း လိုင်စင်လျှောက်ထားရယူထားခြင်း ရှိ၊ မရှိ၊ နိုင်ငံတော်ကသတ်မှတ်ထားသော စံချိန်စံညွှန်းကိုက်ညီသည့် ဓာတ်သတ္တု(ရွှေ)ကိုသာ ရောင်းချခြင်း ရှိ၊ မရှိ၊ ဓာတ်သတ္တု (ရွှေ)ရောင်းဝယ်ခြင်း ဝန်ဆောင်မှုလုပ်ငန်းနှင့် စပ်လျဉ်း၍ အစိုးရအဖွဲ့က ဖွဲ့စည်းပေးထားသော ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းသတ်မှတ်ဈေး ရည်ညွှန်းဈေးဖြင့်သာ ရောင်းဝယ်ခြင်း ရှိ၊ မရှိ၊ တည်ဆဲအခွန်ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ခြင်း ရှိ၊ မရှိ၊ မြန်မာနိုင်ငံဗဟိုဘဏ်တို့က ထုတ်ပြန်ထားသော စည်းမျဉ်း၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ခြင်း ရှိ၊ မရှိ၊ အွန်လိုင်းစနစ်ဖြင့် ရောင်းချပါက စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသို့ အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်း မှတ်ပုံတင်လက်မှတ် လျှောက်ထားရယူထားခြင်း ရှိ၊ မရှိ စသည့်အကြောင်းအရာများအား မြေပြင်ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**နောင်နောင်(မိသနီးမြေ)**

## ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြော

**ပခုက္ကူ မတ် ၁၈**

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်စာရေးဆရာအသင်းတို့ပူးပေါင်း၍ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲကို ယနေ့မွန်းလွဲ ၁ နာရီက အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း၌ ကျင်းပပြုလုပ်သည်။

ရှေးဦးစွာ ပခုက္ကူခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စန်းယုမော်က ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးဟောပြောပွဲ ကျင်းပပြုလုပ်ရခြင်းရည်ရွယ်ချက်များအကြောင်း ရှင်းလင်းပြောကြားပြီး "လူငယ်နှင့် ကိုယ်ကျင့်တရား" ခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောသည်။

ဆက်လက်၍ ပခုက္ကူမြို့နယ် စာရေးဆရာအသင်းမှ အတွင်းရေးမှူး စာရေးဆရာမ အသွင်ဆန်း(ပခုက္ကူ)က "သမီးပူ" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ စာရေးဆရာ ချောင်းဆုံမျိုးချစ်က "ပန်းနီနီပေးနဲ့ ကွယ်ပန်ချင်ပါဘူး" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ အောင်ဝင်း(မျိုးချစ်သူ-ရေစကြိုသား)က "ပြည်သူ့ဘဝနှင့်နိုင်ငံတော်" ခေါင်းစဉ်ဖြင့်လည်းကောင်း အသီးသီးဟောပြောကြပြီး မြို့နယ်စာရေးဆရာအသင်းမှ စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မိုးမြင့်က ကျေးဇူးတင်စကားပြောကြားသည်။

အဆိုပါဟောပြောပွဲတွင် ပခုက္ကူမြို့၊ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာမများ၊ အဆင့်မြင့်အိမ်တွင်းမှုစက်ချုပ်သင်တန်းသူများ တက်ရောက်ကြပြီး ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှဝန်ထမ်းများက အသိပညာပေး နံရံကပ်စာစောင်များ ပြသထားမှုကို စိတ်ပါဝင်စားစွာ လေ့လာဖတ်ရှုခဲ့ကြကြောင်း သိရသည်။ **(၃၄၀)**


- မန္တလေးမြို့တော် သန့်ရှင်းရမည်။
- မန္တလေးမြို့တော် သာယာလှပရမည်။
- မြို့တော်နေလူထု စိတ်ချမ်းသာရမည်။

## မသန်စွမ်းမှုအဆင့်သတ်မှတ်ခြင်းနှင့် မသန်စွမ်းသူများ မှတ်ပုံတင်ခြင်းသင်တန်းဖွင့်ပွဲ ကျင်းပ

**မန္တလေး မတ် ၁၈**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြန်လည်ထူထောင်ရေးဦးစီးဌာနမှ ကြီးမှူးကျင်းပသော မသန်စွမ်းမှုအဆင့်သတ်မှတ်ခြင်းနှင့် မသန်စွမ်းသူများမှတ်ပုံတင်ခြင်း သင်တန်းဖွင့်ပွဲကို ချမ်းအေးသာစံမြို့နယ်၊ အမှတ်(၁၄)အခြေခံပညာအထက်တန်းကျောင်းရှိ ပန်းမျိုးတစ်ရာခန်းမဆောင်၌ ယနေ့နံနက်ပိုင်းက ကျင်းပခဲ့သည်။

ရှေးဦးစွာ ချမ်းအေးသာစံ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းက အဖွင့်အမှာစကားပြောကြားပြီး မန္တလေးတိုင်းဒေသကြီး၊ ဥပဒေအထောက်အကူပေးရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ဌေးဌေးဝင်းက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားခဲ့သည်။ထို့နောက် မန္တလေးတိုင်းဒေသကြီး၊ လူမှုဝန်ထမ်းဦးစီးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဥမ္မာဦးက မသန်စွမ်းမှု အဆင့်သတ်မှတ်ခြင်းနှင့် မသန်စွမ်းသူများ မှတ်ပုံတင်ခြင်းလုပ်ငန်းကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ ပြန်လည်ထူထောင်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးစံလင်းက မသန်စွမ်းသူများအတွက် ဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားပြီး မန္တလေးတိုင်းဒေသကြီး မသန်စွမ်းအသင်းမှ တာဝန်ရှိသူတစ်ဦးက ကျေးဇူးတင်စကားပြောကြားကာ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ခဲ့ကြောင်း သိရသည်။



(ဝဲပုံ)

**ချမ်းမြေ့မောင်(ချမ်း/စံ)**

၀-၀-၀-၀



## မီးသတ်ဦးစီးဌာနနှင့် မြန်မာနိုင်ငံကြက်ခြေနီအသင်းတို့ ပူးပေါင်း၍ အခြေခံရှာဖွေကယ်ဆယ်ရေးသင်တန်း ဖွင့်လှစ်

**မန္တလေး မတ် ၁၈**

မီးသတ်ဦးစီးဌာနနှင့် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းတို့ ပူးပေါင်းဖွင့်လှစ်သည့် အခြေခံရှာဖွေကယ်ဆယ်ရေး သင်တန်းဖွင့်ပွဲကို မတ် ၁၆ ရက် နံနက် ၉ နာရီက မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်ရှိ ဗဟိုမီးသတ်သင်တန်းကျောင်း (ဓိးပင်ကြီး)တွင် ပြုလုပ်သည်။

သင်တန်းဖွင့်ပွဲတွင် ဗဟိုမီးသတ်သင်တန်းကျောင်း ကျောင်းအုပ်ကြီး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ဝင်းစိန်က အမှာစကားပြောကြားပြီး မြန်မာနိုင်ငံကြက်ခြေနီသူနာပြုတပ်ဖွဲ့ တပ်ဖွဲ့မှူးချုပ် ဦးကျော်မိုးကြည်က နှုတ်ခွန်းဆက်စကားပြောကြားသည်။ သင်တန်းဖွင့်ပွဲသို့ ဗဟိုမီးသတ်သင်တန်းကျောင်း ဒုတိယကျောင်းအုပ်ကြီး ဦးမောင်မောင်မြင့်နှင့် နည်းပြအရာရှိများ၊ မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒေါက်တာသိန်းထွန်းဆောင်နှင့် ကော်မတီဝင်များ၊ ရှေးဦးပြုစုခြင်းနှင့် အန္တရာယ်ကင်းရှင်းရေးဌာန ညွှန်ကြားရေးမှူး ဦးမြတ်မင်းနိုင်နှင့် တာဝန်ရှိသူများ၊ ပြင်ဦးလွင်မြို့နယ် ကြက်ခြေနီတပ်ဖွဲ့မှူးနှင့် ကြက်ခြေနီစေတနာလုပ်အားရှင်များ၊ သင်တန်းတက်ရောက်မည့် ကြက်ခြေနီဝန်ထမ်းများ တက်ရောက်ကြသည်။ **(အပေါ်ဝဲပုံ)**

သင်တန်းကို မတ် ၁၆ ရက်မှ ဧပြီ ၁၀ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ပြီး နေပြည်တော်၊ ရန်ကုန်၊ မန္တလေး၊ ဧရာဝတီ၊ မွန်ပြည်နယ်တို့မှ ကြက်ခြေနီဝန်ထမ်းများ၊ ကြက်ခြေနီစေတနာလုပ်အားရှင် ၆၈ဦး တက်ရောက်ကြကြောင်း သိရသည်။**(ဝ၄၅)**

## ဆောင်းသီးနှံများ စိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် မြေပဲ ၂၁၉ ဧက နုတ်သိမ်းပြီးစီး

**ငဖဲ မတ် ၁၈**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ ငဖဲမြို့နယ်၌ ဆောင်းသီးနှံများစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် ဆီထွက်သီးနှံ မြေပဲ ၂၁၉ ဧက နုတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၆၀ ဒသမ ၉၂ တင်းနှုန်းဖြင့် မြေပဲ ၁၃၃၄၁ တင်း ထွက်သည်။

"ငဖဲမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီက စွန်တာနီမြေပဲမျိုး၊ မကွေး-၁၆ နှင့် ဗီယက်နမ်မျိုး၊ စုစုပေါင်း ၂၁၉ ဧကစိုက်ပျိုးနိုင်ခဲ့ပါတယ်။ မြေပဲစိုက်ခင်းတွေကို တောင်သူတွေက နွေသီးနှံများပြန်လည် စိုက်ပျိုးရန်အတွက် ဇန်နဝါရီလက စတင်နုတ်သိမ်းခဲ့ရာ ယခုချိန်ထိ စိုက်ဧကအားလုံး နုတ်သိမ်းပြီးစီးပြီ ဖြစ်ပါတယ်။ တစ်ဧကကို ၆၀ ဒသမ ၉၂ တင်းနှုန်းဖြင့် ၁၃၃၄၁ တင်းထွက်တယ်။ ဒေသခံတောင်သူများ မြေပဲနုတ်သိမ်းရာမှာ အထွက်နှုန်းလျော့နည်းမှုနဲ့ လေလွင့်ဆုံးရှုံးမှုမရှိရေး အချိန်မီနုတ်သိမ်းကြဖို့နဲ့ နုတ်သိမ်းပြီး မြေပဲများ စနစ်တကျထားသိုသိမ်းဆည်းကြရန် အသိပညာပေးဆောင်ရွက်နေပါတယ်" ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးမှူး ဦးမြင့်သိန်းက ပြောသည်။



မြေပဲစိုက်တောင်သူများကို အထွက်နှုန်းကောင်းသော မျိုးသန့်၊ မျိုးစေ့များ တိုးချဲ့စိုက်ပျိုးရေး၊ သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာများ စနစ်တကျ ထည့်သွင်းရေး၊ သဘာဝပိုးသတ်ဆေးများ စနစ်တကျသုံးစွဲရေး၊ ပိုးမွှားရောဂါကာကွယ်နှိမ်နင်းရေး စသည့် တောင်သူပညာပေးလုပ်ငန်းများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ကွင်းဝန်ထမ်းများက ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့သည်။

ငဖဲမြို့နယ်အပြင် တခြားဒေသများ၌ ဆီထွက်သီးနှံဖြစ်သည့် မြေပဲကို အထွက်နှုန်းတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက ဒေသတွင်းစားသုံးဆီဖူလုံစေမည့်အပြင် ကုန်ဈေးနှုန်းတည်ငြိမ်ရေးကိုလည်း အထောက်အကူပြုစေနိုင်မည်ဖြစ်ကြောင်း သိရသည်။

(အပေါ်ပုံ)

**မယု(ငဖဲ)**

## မြန်မာ-အိန္ဒိယ ပူးပေါင်း၍ ထောပတ်သီးတန်ဖိုးမြှင့်ထုတ်ကုန်များ တင်ပို့ရေး ဆွေးနွေး

**မန္တလေး မတ် ၁၈**

မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့အကြား ထောပတ်သီးတန်ဖိုးမြှင့်ထုတ်လုပ်မှုကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်နိုင်ရေးအတွက် တတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကို မတ် ၁၂ ရက်တွင် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ အစည်းအဝေးခန်းမ၌ Hybrid စနစ်ဖြင့် ကျင်းပခဲ့သည်။

အဆိုပါအစည်းအဝေးသို့ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ၊ အိန္ဒိယနိုင်ငံ ကာလကတ္တားမြို့ရှိ မြန်မာစီးပွားရေးသံမှူး၊ မြန်မာနိုင်ငံ ထောပတ်သီး စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းမှ ကိုယ်စားလှယ်များနှင့် International Federation of Business Intellectuals and Changemakers (IFBIC) မှ တာဝန်ရှိသူများ စုစုပေါင်း ၁၅ ဦး တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် မြန်မာ့ထောပတ်သီးထုတ်ကုန်များအား အိန္ဒိယဈေးကွက်သို့ တင်ပို့နိုင်ရေးအတွက် လိုအပ်သည့် လုပ်ငန်းစဉ်များကို ဆွေးနွေးခဲ့ကြပြီး အထူးသဖြင့် ထောပတ်သီးအဆီ တင်ပို့နိုင်ရေးအတွက် လိုအပ်သော စာရွက်စာတမ်းများကို IFBIC ထံသို့ ဆက်လက်ပေးပို့သွားရန် သဘောတူညီခဲ့ကြသည်။

ထို့အပြင် မြန်မာ့အေးခဲထောပတ်သီးကိုလည်း အိန္ဒိယနိုင်ငံသို့ တင်ပို့နိုင်ရေးနှင့် ဆက်စပ်ဈေးကွက်ဝင်ရောက်နိုင်မှု အခြေအနေများ၊ နည်းပညာနှင့် အရည်အသွေးဆိုင်ရာ လိုအပ်ချက်များကိုလည်း အသေးစိတ်ဆွေးနွေးခဲ့သည်။

ယခုလို ပူးပေါင်းဆောင်ရွက်မှုများသည် မြန်မာ့လယ်ယာထုတ်ကုန်များ၏ တန်ဖိုးမြှင့်တင်နိုင်မှုကို အထောက်အကူပြုနိုင်ပြီး ပြည်ပဈေးကွက်များသို့ တိုးချဲ့တင်ပို့နိုင်ရေးအတွက် အရေးကြီးသော ခြေလှမ်းတစ်ရပ်ဖြစ်လာမည်ဟု မျှော်လင့်ရသည်။

(အောက်ပုံ)

**(မန္တလေးနေ့စဉ်-၈)**

၀-၀-၀-၀-၀



## မန္တလေးကားလမ်းမှ ရိုးကန်-ကန်သာ(စီးပွားရေးတက္ကသိုလ်အဝင်)လမ်း ကတ္တရာခင်းခြင်းလုပ်ငန်း ရာနှုန်းပြည့် ပြီးစီး

**မိတ္ထီလာ မတ် ၁၈**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်၌ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်တွင် ရန်ကုန်-မန္တလေးကားလမ်းမှ ရိုးကန်၊ ကန်သာ(စီးပွားရေးတက္ကသိုလ်အဝင်)လမ်း ကတ္တရာခင်းခြင်းလုပ်ငန်းရာနှုန်းပြည့်ပြီးစီးပြီဖြစ်သည်။

အဆိုပါ ရန်ကန်-မန္တလေးကားလမ်းမှ ရိုးကန်၊ ကန်သာ (စီးပွားရေးတက္ကသိုလ်အဝင်)လမ်း ကတ္တရာခင်းခြင်းလုပ်ငန်းကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး(ငွေလုံးငွေရင်း) ရန်ပုံငွေ ၃၁၆ ဒသမ ၈၃၈ သန်းဖြင့် မိတ္ထီလာမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ 0.87km x 3.66m x 375 mm ရှိလမ်းအား ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိရာ ၄င်းကတ္တရာခင်းခြင်းလုပ်ငန်းမှာ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

(ယာပုံ)

(၄၆၉)

၀-၀-၀-၀-၀



# နှလုံးသားကို အလှဆင်ပါ

## ဒေါက်တာလှ္ဘင်ကို

ဆရာ တစ်နေ့ကပြောခဲ့တဲ့ ပျော့ဖတ်(Soft Plaque) နဲ့ မာဖတ်(Hard Plaque)အကြောင်း ဆက်ပါဦးခင်ဗျာဟု ဦးကံလှ က ဆိုလာပါသည်။

ဟုတ်ကဲ့ပါ၊ ပျော့ဖတ် (Soft Plaque) မှာတော့ LDL က ဖြစ်လည်း အဆီခဲတဲ့တွေများပြီး၊ မာဖတ် (Hard Plaque) မှာတော့ ကယ်လ်စီယမ်စုပုံမှု ပိုများပါတယ်။ သူတို့တစ်တွေဖြစ်တည်စုပုံဖို့ နှစ်နဲ့ချီကြာခဲ့သလို ကြေအောင်၊ ပါးအောင်လည်း နှစ်နဲ့ချီပြီး ဆေးသောက်ရမှာပါ။ ဒါတွေ သွေးကြောထဲမှာ ရှိတာနဲ့ ရောဂါလက္ခဏာ မပြသေးပါဘူး။ နှလုံးသွေးကြောရဲ့ ၇၅ ရာခိုင်နှုန်းလောက် ကျဉ်းတော့မှ မောလွယ်၊ ပန်းလွယ်မယ်၊ မလှုပ်ချင်၊ မကိုင်ချင် Active မဖြစ်တော့တဲ့အပြင် နည်းနည်းပင်ပန်းတာနဲ့ လှေကားကိုးထစ်လောက် မြန်မြန်တက်လိုက်တာနဲ့ ဘယ်ဘက်ရင်ဘတ် အောင့်လာတတ်တယ်ဆိုတဲ့ လက္ခဏာတွေ ခံစားလာရတတ်ပါတယ်။

(Calcium Score) တိုင်းကြည့်ခြင်းအားဖြင့် သွေးကြောတွေထဲ ပျော့ဖတ်၊ မာဖတ်တွေ ဘယ်လောက်ဖြစ်နေပြီဆိုတာ ခန့်မှန်းနိုင်ပါတယ်။

သူ့ကို တိုင်းတာလို့ရလား ဆရာဟု ဦးလှဘော် မေးပြန်ပါသည်။ ရပါတယ်ခင်ဗျာ - Low Rediation CT Scan နည်းနဲ့ တိုင်းရပါတယ်။ ဒါပေမဲ့ သုံးလ၊ လေးလ တစ်ကြိမ် Cholesterol - LDL - HDL တွေ စစ်သလိုတော့ မလိုအပ်ပါဘူး။

(Calcium Score) အကြောင်း အခုမှ ကြားဖူးပါတယ်။ ကျွန်တော်တို့လို အသက် ၈၀ ကျော်တွေအတွက် Normal Value ဆိုတာ ဖြစ်နိုင်ပါ့မလား ဆရာ၊ အသက်အရွယ် ကွာခြားတာနဲ့ ပြောင်းလဲခြင်းများ ရှိနိုင်ပါသလား။

ရှိနိုင်တာပေါ့ခင်ဗျာ၊ Teenishဆိုရင်တော့ (Calcium Score) က (ZERO) လောက် ဖြစ်နိုင်မှာပေါ့။ အသက် ၆၀ ကျော်ရင် ၁၀၀ လောက် ရှိပြီ။ အသက် ၇၅ လောက်ဆို ၁၅၀ လောက် ရှိတတ်ပါတယ်။ သူ့ကို (Agatston Unit) နဲ့ တိုင်းပါတယ်။ သေချာအောင် စာအုပ်ထဲက ဇယားလေး ပြပါမယ်။

| | Caleium Score | Plague size | Risk |
|---|---|---|---|
| 1 | '0' = zero | No visible plague | No risk |
| 2 | 1 - 99 | mild plague | mild risk |
| 3 | 100 - 300 | modrate " | modrate risk |
| 4 | > 300 | significant " | High risk |
| 5 | > 500 | Extensive " | Severe risk |

source --- internet

ဟုတ်ပါပြီ ဆရာ၊ စားဆေးထပ်ညွှန်းပါဦး၊ ဦးအောင်သန်းမြင့်က ဆိုလာပါသည်။

ဟုတ်ကဲ့ပါ။ (Hard Plaque) တွေအတွက် စားဆေးကတော့ Vit $D_3$ (Choleealciferol) + Vit $K_2$ + Magnesium ပါ သုံးမျိုးပေါင်းပြီး ထုတ်ထားတာတွေ ရှိပါတယ်။

Vit $D_3$ ကတော့ ရောင်ရမ်းတာကို လျော့စေပါတယ်။ သွေးကြောတွင်းပိတ်ဆို့မှုကို ဟန့်တားပါတယ်။ သွေးပေါင်ချိန်ကို ထိန်းပေးပါတယ်။ လူရဲ့ ကိုယ်ခံအားကို ပိုကောင်းစေပါတယ်။ ဒါကြောင့် နှလုံးသွေးကြောနဲ့ ပတ်သက်ပြီး ဖြစ်နိုင်တဲ့ အန္တရာယ်ကို လျော့စေတာပေါ့။ ၉၅ ရာခိုင်နှုန်းသော လူတွေမှာ Vit $D_3$ မလုံမလောက်ဖြစ်နေတာကို National Health and Nutrition Exiamination Surveys (2020) မှာ တွေ့ရပါတယ်။

ဒါဆိုရင် ကျွန်တော်တို့လည်း Vit $D_3$ စားဖို့ လိုအပ်မှာပေါ့နော်ဟု သုံးဦးစလုံးက ပြောလာပါသည်။

ဟုတ်ပါတယ် ခင်ဗျာ၊ နောက် Vit $K_2$ ကတော့ သွေးကြောနံရံမှာ ကယ်လ်စီယမ်စုပုံခြင်းကို ကာကွယ်ပေးပါတယ်။ ဒါ့အပြင် သွေးကြောနံရံမှာ ရှိနေတဲ့ ကယ်လ်စီယမ်တွေကိုတောင် အရိုးဆီပြန်ပို့ပြီး အရိုးပွခြင်းကို အကာအကွယ်ပေးပါတယ်။

Magnesium(မဂ္ဂနီစီယမ်)ကလည်း အတော်ကို အသုံးဝင်တယ် ခင်ဗျ၊ လူ့ခန္ဓာကိုယ်မှာဖြစ်နေတဲ့ ဇီဝဖြစ်စဉ် (Biochemical Reactions) ၃၀၀ လောက်ကို သူက ပါဝင်ဆောင်ရွက်ရပါတယ်။ ကြွက်သားနဲ့ နှာဗ်ကြောအားကိုလည်း ဖြစ်စေတဲ့အပြင် သွေးပေါင်ချိန် ထိန်းခြင်း၊ ကောင်းမွန်စွာ အိပ်ပျော်စေခြင်းအပြင် ခေါင်းကိုက်တာ သက်သာစေပြီး ဝမ်းချုပ်တာကိုလည်း ကာကွယ်ပါတယ်။ ဒီဆောင်းပါးနဲ့ အဆိုင်ဆုံးကတော့ ကယ်လ်စီယမ်ခဲတဲ့ကို အရိုးသို့ ပို့ဆောင်ပြီး အရိုးကို ခိုင်မာစေတာပါပဲ။ ဒီ Vit $D_3$ + Vit $K_2$ + Magnesium သုံးမျိုးပေါင်းထားတဲ့ ဆေးစားရုံနဲ့ (Hard Plaque) မာဖတ်တွေ မဖြစ်အောင်ရော ဖြစ်ပြီးရင်လည်း (Regression) ပြန်ကောင်းအောင် လုပ်ပေးနိုင်ပါတယ်။

ဆရာပြောတော့ အဲ့ဒီဆေးကို အခုပဲစားချင်လာပြီခင်ဗျာလို့ ဦးလှဘော်က ပြောသည်။

ဆေးကြော်ငြာတာ မဟုတ်ပါဘူး၊ ဒီဆေးတစ်ပြားမှာ Vit $D_3$- 10000 I II , Vit $K_2$-200 mg နဲ့ Magnesium Glyeimate 500 mg ပါလေ့ရှိပါတယ်၊ တစ်နေ့ တစ်ပြား Food Supplement အနေနဲ့ စားပေါ့ခင်ဗျ။

နောက် (Soft Plaque) အပျော့စား အဆီဖတ်များကတော့ သွေးကြောအတွင်းဆုံးအလွှာနဲ့ အလယ်လွှာကြားမှာ တောက်လျှောက် စုပုံနေတာပါ။ သူကြေပျက်အောင်တော့ (STATIN) ဆိုတဲ့ အဆီကျစေတဲ့ ဆေးတွေစားရပါတယ်။ အဲ့ဒီအတွက်တော့ (Trial) စမ်းသပ်မှုနဲ့ သုတေသနပြုထားတဲ့ စာတမ်းတွေ အများကြီးရှိပါတယ်။

ဒီအကြောင်းတွေကို ပါမောက္ခဒေါက်တာ ဦးအောင်ကျော်ဇောက အကျယ်တဝင့် ရှင်းပြခဲ့ပါတယ်။ Yellow Trial , Saturn Trial , Reversal Trial , Astroid Trial, Mass Trial , Regress Trial စသည်ဖြင့်ပေါ့၊ လုပ်ပုံ၊ လုပ်နည်းကတော့ နှစ်နဲ့ချီပြီး ဆေးစားစေတာပါ။

| | | | |
|---|---|---|---|
| Sinvastatin | 20 mg daily | x | 4 years |
| Pravastatin | 40 mg daily | x | 2 years |
| Astroastatin | 80 mg daily | x | 2 years |
| Rosuvastatin | 40 mg daily | x | 2 years |

ဆိုတဲ့ဆေးတွေကို တစ်မျိုးခြင်းသော်လည်းကောင်း၊ နှစ်မျိုးပေါင်းသော်လည်းကောင်း၊ အချိန်အဆအမျိုးမျိုးနဲ့ပေါင်းပြီး စမ်းသပ်မှုများကို လွန်ခဲ့တဲ့နှစ် ၂၀ လောက်ကတည်းက အကြိမ်ကြိမ်ဆောင်ရွက်ခဲ့ရာမှာ လူနာ ၆၅ ရာခိုင်နှုန်းရဲ့ သွေးကြောနံရံအတွင်းမှာရှိတဲ့ ပျော့ဖတ်(Plaque)များ လျော့ကျပြီး သွေးကြောတွေ ပြန်ကျယ်လာတာကို Intravaseular Ultrasonography နည်းဖြင့် လေ့လာတွေ့ရှိရပါတယ်။

အခု ဆရာဆွေးနွေးချက်တွေက အသက်ကြီးသူများ၊ နှလုံးသွေးကြောကျဉ်းရောဂါဖြစ်နေသူနဲ့ ဖြစ်နိုင်ချေရှိသူများအတွက်တော့ အထူးသတင်းကောင်းပါပဲဟု ဆရာကြီး ဦးလှဘော် ပြောပါသည်။ စာရေးဆရာ ဦးကံလှကလည်း ဆရာပြောတဲ့ ဆေးတွေ မြန်မာပြည်မှာ လွယ်လွယ်ကူကူ ဝယ်လို့ရရဲ့လားဟု စုံစမ်းပါသည်။

Statin အုပ်စုထဲက ဆေးတွေ တစ်မျိုးမျိုးတော့ ဝယ်လို့ လွယ်လွယ်ကူကူ ဝယ်လို့ရပါတယ်။ ကင်ဆာဆေးတွေလို ဈေးမကြီးလှပါဘူး။ အတိုင်ပင်ခံသမားတော်တစ်ဦးဦးဆီမှာ နှလုံးကို အစစ်ဆေးခံပြီးမှ သောက်ရင် ပိုပြီး အဆင်ပြေမှာပါ။

ဟုတ်ကဲ့ပါ အခုလို သေချာရှင်းပြလို့ ဆရာ့ကို ကျေးဇူးတင်ပါတယ်။

ကျွန်တော့်ကို ကျေးဇူးတင်တာထက် အခု (၃၁)ကြိမ်မြောက် မြန်မာ့တပ်မတော် ဆေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲကြီး၊ အောင်ပန်းမြို့၊ ခုတင်(၇၀၀) တပ်မတော်ဆေးရုံမှာ ကျင်းပပေးသွားတဲ့ (ကကဆေး)နဲ့ သေချာဆွေးနွေးတင်ပြသွားတဲ့ သမားတော် ပါမောက္ခကြီးတို့ကိုလည်း ကျေးဇူးတင်သင့်ပါတယ်။

ဟုတ်တာပေါ့ခင်ဗျာ၊ ဒီလို သုတေသနများကို နှစ်ပေါင်း ၂၀ ကျော် စဉ်ဆက်မပြတ် ဆောင်ရွက်သွားတဲ့ ဆေးသုတေသနပညာရှင်များနဲ့ သူတို့ကို အထောက်အကူပြုသူများအားလုံးကို ကျေးဇူးတင်ပါသတဲ့ဗျာဟု ဦးလှဘော်ရော ဦးအောင်သန်းမြင့်တို့ကပါ ပြိုင်တူ ပြောကြပါသည်။

**ဤနည်းများဖြင့် မိမိတို့ နှလုံးသား ကျန်းမာရေးကို အလှဆင်နိုင်ကြပါပြီ။**

# ပြည်သူ့စာကြည့်တိုက်၌ စာစီစာကုံးရေးသားနည်း သင်တန်းဖွင့်ပွဲ ကျင်းပ

**မြစ်သား မတ် ၁၈**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ကျောင်းသား၊ ကျောင်းသူများ နွေရာသီကျောင်းပိတ်ရက်ကာလတွင် အချိန်ကို အကျိုးရှိစွာ အသုံးချတတ်စေရန်နှင့် စာစီစာကုံးရေးသားရာတွင် အခြေခံရရှိစေရန် ရည်ရွယ်၍ မတ် ၁၆ ရက် နံနက် ၉ နာရီခွဲက မြို့နယ်ပြည်သူ့စာကြည့်တိုက်၌ စာစီစာကုံးရေးသားနည်းသင်တန်းဖွင့်ပွဲ ကျင်းပခဲ့သည်။



ရှေးဦးစွာ သင်တန်းဖွင့်ပွဲတွင် ဒုတိယမြို့နယ်ပညာရေးမှူး ဦးဇော်နိုင်မင်းက အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သီတာအောင်က သင်တန်းဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ပြောကြားရာတွင် ကျောင်းသား၊ ကျောင်းသူများအတွက် ပညာရေးကဏ္ဍအထောက်အကူပြုစေရန်၊ စာစီစာကုံးရေးသားရာတွင် လိုအပ်သည့် အကြောင်းအရာများကို ပြည့်စုံစွာ ရေးသားတတ်စေရန် ရည်ရွယ်၍ ဖွင့်လှစ်သင်ကြားပေးရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ သင်တန်းနည်းပြဆရာမကြီး ဒေါ်စန်းစန်းဝေက စာစီစာကုံး ရေးသားရာတွင် ပါဝင်ရမည့် အဓိကအချက်များ၊ စာစီစာကုံး တွေးနည်း၊ ရေးနည်းများ၊ စာစီစာကုံးအမျိုးအစားများ စသည့် အကြောင်းအရာများကို အခြေခံသင်ကြားပေးမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။ စာစီစာကုံးရေးနည်းသင်တန်းကို မြစ်သားမြို့ပေါ်ရှိ အခြေခံပညာကျောင်းများမှ မူလတန်း၊ အလယ်တန်းအဆင့်ကျောင်းသား၊ ကျောင်းသူ ၃၆ ဦး တို့ တက်ရောက်ပြီး မတ် ၁၆ ရက်မှ ၂၀ ရက်အထိ သင်တန်းကာလ ငါးရက်ကြာ သင်ကြားပို့ချပေးမည်ဖြစ်သည်။

စာစီစာကုံးရေးသားနည်းသင်တန်းဖွင့်ပွဲသို့ ဒုတိယမြို့နယ်ပညာရေးမှူး၊ စာစီစာကုံးရေးသားနည်းသင်တန်း နည်းပြအငြိမ်းစား ဆရာမကြီး ဒေါ်စန်းစန်းဝေ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိနှင့် ဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

ဝါဝါမြင့်(မြစ်သား)

## အသိပညာပေးဟောပြောပွဲနှင့် ဉာဏစွမ်းရည်ပြိုင်ပွဲများ ကျင်းပ




**မန္တလေး မတ် ၁၈**

မန္တလေး၊မဟာအောင်မြေ မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန (Community Centre) ခန်းမ၌ အသိပညာပေးဟောပြောပွဲနှင့် ဉာဏစွမ်းရည်ပြိုင်ပွဲများကို ယမန်နေ့ နံနက်ပိုင်းက ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိဒေါ်ခင်နှင်းဆီက လူငယ်လူရွယ် ကျောင်းသား၊ ကျောင်းသူလေးများကို နွေရာသီ အားလပ်ရက်များတွင် ကျောင်းစာအပြင် အခြားဗဟုသုတများ ရရှိစေရန်၊ ကိုယ်စွမ်းဉာဏ်စွမ်းများ တိုးတက်လာစေရန်၊ စာပေမှာမွေ့လျော်ပြီး အမှား၊ အမှန်ဝေဖန်နိုင်စေရန်၊ နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုး၊ အများအကျိုးသယ်ပိုး ထမ်းဆောင်စေလိုသောစိတ်များ မွေးမြူလာတတ်စေရန် ဟောပြောခဲ့သည်။ (ဝဲပုံ)

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ နံရံကပ်စာစောင်များ၊ စာအုပ်၊ စာပေများကိုလည်း ခင်းကျင်းပြသခဲ့ပြီး ဉာဏစွမ်းရည်ပြိုင်ပွဲများဖြစ်သည့် ကဗျာရွတ်ပြိုင်ပွဲများ၊ ပုံပြောပြိုင်ပွဲများကို ဆက်လက်ကျင်းပခဲ့ရာ ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ (ဝ၅၆)

## အွန်လိုင်းမှ ဝယ်ယူခြင်းနှင့်စပ်လျဉ်း၍ အသိပညာပေး (Talk Show) ပြုလုပ်

**ကျောက်ပန်းတောင်း မတ် ၁၈**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ကျောက်ပန်းတောင်း မြို့နယ်၌ အွန်လိုင်းမှတစ်ဆင့် ဝယ်ယူခြင်းနှင့်စပ်လျဉ်း၍ အသိပညာပေး (Talk Show) အစီအစဉ်ကို မတ် ၁၇ ရက် မွန်းလွဲ ၂ နာရီက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် စားသုံးသူရေးရာဦးစီးဌာနတို့ ပူးပေါင်း၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ရုံး လူထုအခြေပြုဗဟိုဌာန၌ ပြုလုပ်ခဲ့သည်။

အသိပညာပေး(Talk Show) တွင် ပြန်ကြားရေးနှင့်ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မေသက်နွယ်က အွန်လိုင်းမှတစ်ဆင့် ဝယ်ယူခြင်းနှင့်စပ်လျဉ်း၍ သတ်မှတ်ထားသည့် စည်းမျဉ်း၊ စည်းကမ်းများ၊ စားသုံးသူ ကာကွယ်ရေးဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများ၊ အရေးယူဆောင်ရွက်မှုအခြေအနေများကို မေးမြန်းရာ ကျောက်ပန်းတောင်း မြို့နယ် စားသုံးသူရေးရာဦးစီး ဌာန မြို့နယ်တာဝန်ခံ ဒေါ်မြသန္တာထွန်းက စားသုံးသူ၏ အမည်နှင့်အဓိပ္ပာယ်၊ အွန်လိုင်းစနစ်ဖြင့် ရောင်းချသည့် လုပ်ငန်းအမျိုးအစားများ၊ အွန်လိုင်းမှတစ်ဆင့် ရောင်းချသူများ၏ လိမ်လည်မှုပုံစံများ၊ မှတ်ပုံတင်ထားသည့် အွန်လိုင်းရောင်းချမှု လုပ်ငန်းများမှ ဈေးဝယ်ယူခြင်းဖြင့် ရရှိလာမည့် အကျိုးရလဒ်များ၊ အွန်လိုင်းရောင်းချမှုလုပ်ငန်းများနှင့်စပ်လျဉ်း၍ စိစစ်သင့်သည့် အချက်အလက်များနှင့် သက်ဆိုင်ရာဌာနများ၏ ဆောင်ရွက်နေမှုများ၊ စားသုံးသူ နစ်နာမှုရှိပါက တိုင်ကြားနိုင်သည့် နေရာများစသည်တို့ကို ရှင်းလင်း ဆွေးနွေးခဲ့သည်။




ကျောက်ပန်းတောင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးအနေဖြင့် အဆိုပါ အသိပညာပေး (Talk Show) အစီအစဉ်ကို အများပြည်သူ လေ့လာသိရှိနိုင်စေရန်နှင့် အွန်လိုင်းလိမ်လည်မှုခံရခြင်းမှ ကင်းဝေးစေရန်ရည်ရွယ်၍ ဌာနမှ လွှင့်တင်ဆောင်ရွက်နေသော လူမှုကွန်ရက်စာမျက်နှာများဖြစ်သည့် Facebook Page၊ TikTok စာမျက်နှာနှင့် Telegram တို့တွင် လွှင့်တင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(အပေါ်ပုံ)

(၄၅၆)

## Seven Aesthetics ခနစ်ယောက်အုပ်စု ပန်းချီပြပွဲ ကျင်းပမည်

**မန္တလေး မတ် ၁၈**

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ၅၇ လမ်း၊ ၁၀၃လမ်းနှင့် ၁၀၄ လမ်းကြားရှိ Collectors Soul Art Gallery တွင်(Seven Aesthetics art group show) အမည်ဖြင့် ပန်းချီပြပွဲကို မတ် ၂၀ ရက်တွင် ကျင်းပသွားမည် ဖြစ်သည်။

ပြပွဲတွင် ပန်းချီဆရာများဖြစ်သော လုလင်ကို၊ ကျော်ကြီး၊ အောင်ဇော်ဝင်း၊ အောင်ကျော်ဇောသန့်၊ အောင်ဗိုလ်နိုင်၊ ကျော်ဇေယျ၊ အေပီဖြိုး တို့၏ ပန်းချီကားများကို ပြသထားမည်ဖြစ်ပြီး နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ မတ် ၂၀ ရက်မှ ၂၃ ရက်အထိ ဖွင့်လှစ်ပြသထားမည်ဖြစ်ရာ မည်သူမဆို အခမဲ့လာရောက် အားပေးကြည့်ရှုနိုင်ကြောင်း သိရသည်။ (ယာပုံ) PNT






ဖတ်စရာ၊ မှတ်စရာ
စုံလင်
မန္တလေး

## မြန်မာ့ရေချမ်းစင်

* အိုဂုန်းလွှာတွေ ပေါက်ပြဲ
ရင်ထဲမှာ နေဆယ်စင်း
ပူချက်ကယ် ပြင်းလှတဲ့
အညာနွေရဲ့ မွန်းတည့်နေမှာ
တံလျှပ်တွေ လက်လက်ထ
ချွေးစက်တွေ ဖြိုင်ဖြိုင်ကျ
ခရီးသွားကျွန်မ---ရင်ဆူမောလျ။

* လမ်းချိုးလေး အရောက်မှာတော့
ကျောက်အုတ်စီ ရေအိုးစင်
စပါးပင်လေးတွေ ပတ်လည်ဝိုင်း
ပန်းပွင့်ဒီဇိုင်းနဲ့ စစ်ကိုင်းအိုးသစ်လေး
ဘယ်လောက်များ အေးလိုက်မလဲလေ
ရေအိုးစင်လေး မြင်ရုံနဲ့
ရင်ခုန်အေးမြ မသောက်ရခင်။

* သောက် အပြီးမှာတော့---
အေးငြိမ့်စီးဆင်း ရေခဲမြစ်တစ်စင်းလို---
နှမ်းဟိုက်မောသမျှ လျှောကျပြေပျောက်
ဘယ်သောက်ရေသန့်မှ မယှဉ်နိုင်
ကိုယ်စိတ်နှစ်ပါး ရွှင်လန်းသွားပုံများ
ရေတွေ့တဲ့ ပဒုမ္မာအလားပေါ့။

* ဩော်---ရေချမ်းစင်လေးရဲ့ အလှူရှင်
ဘယ်သူပင် ဖြစ်ပါစေ---
ရေအကျိုး ဆယ်ပါး
အပြည့်အဝ ရစေသား။

* ထမင်းရည်ချောင်းစီး
အလှူကြီး မဟုတ်ပေမယ့်
သံသရာခရီးမှာ---ရွှေအိုးကြီးရမှာပေါ့
ရေချမ်းစင် အလှူဒါနဟာ
ကမ္ဘာမှာ မြန်မာသာရှိ
သဒ္ဓါမွန်မြတ် ယဉ်ကျေးဘိ။ ။

ခင်ဆွေလှိုင်(ပန်းချီ)

တံတားနှင့်လမ်း
ဆေးခန်းနှင့်ကျောင်း
ဆည်မြောင်းနှင့်ကန်
သစ်ပင်ရုံမှ
သဏ္ဌာန်လုပ
ပန်ရလိမ့်။

# ပေါင်းလဲဘုရား ပရိဝုဏ်အတွင်းရှိ စေတီငယ်တစ်ဆူပြုပြင်ရန် အလှူငွေလှူဒါန်း

**မန္တလေး မတ် ၁၈**

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ မဟာအောင်မြေအနောက်ပိုင်း၊ ပေါင်းလဲရွှေသာလျောင်းဘုရားပရိဝုဏ်အတွင်းရှိ (ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးသွားသော) စေတီငယ်တစ်ဆူအား ပြန်လည်ပြုပြင်ရန်အတွက် အလှူငွေများကို ယမန်နေ့ နံနက် ၁၀ နာရီက ဂေါပကရုံးခန်းသို့ လာရောက်လှူဒါန်းရာ အလှူရှင် ကွယ်လွန်သူ အဘိုး၊ အဘွား၊ ဖခင်၊ မိခင်နှင့် အစ်မဖြစ်သူ ဒေါ်တင်ကြည်၊ ဇနီးဖြစ်သူ ဒေါ်တင်ရီတို့အား ရည်စူး၍ မန္တလေး၊ မဟာအောင်မြေအနောက်၊ အကွက် (၅၁၂)ရပ်ကွက်၊ လမ်း(၄၀)နေ ဦးမောင်မောင်နှင့် သားသမီးမြေးတစ်စုတို့က ငွေကျပ်သိန်း ၅၀ကို လှူဒါန်းရာ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးမောင်မောင်တင်၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးမြင့်ဇော်(မိဘမေတ္တာ)၊ ဦးဌမ်ချို(ခ)ဦးစောနိုင်နှင့် အတွင်းရေးမှူး ဦးမောင်မောင် (ရွှေလက်ရာ)တို့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။ **(ယာပုံ)**

ပေါင်းလဲရွှေသာလျောင်းဘုရား ဘက်စုံပြုပြင်မွမ်းမံရန်အတွက် အလှူငွေများလှူဒါန်းလိုပါက ဂေါပကအဖွဲ့ရုံး ဖုန်း ၀၉- ၄၀၂၆၃၅၃၀၂ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(၀၄၀)**





# ရာသက်ပန်ဆွမ်းပဒေသာပင် လှူဒါန်း

**မန္တလေး မတ် ၁၈**

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ မန္တလေးတိုင်းဒေသကြီး ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းတွင် ယမန်နေ့ မွန်းလွဲပိုင်းက ရာသက်ပန်ဆွမ်းပဒေသာပင်အတွက် အလှူငွေ ပေးအပ်ပွဲ ကျင်းပသည်။ **(အပေါ်ပုံ)**

ရှေးဦးစွာ ကျောင်းအုပ်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တကောသဝ (မွှောစရိယ၊ B.A)က ကောင်းမှုကုသိုလ်အစုစုတို့အတွက် ရေစက်ချ အနုမောဒနာတရား ဟောကြားချီးမြှင့်သည်။

ထို့နောက် ရှမ်းပြည်နယ်မြောက်ပိုင်း၊ နမ့်ခမ်းမြို့နေ ဦးစိုင်းမောင်ထွန်း+ဒေါ်နန်းမြစိန်(အွန်ဟော်ကုမ္ပဏီ)မိသားစုက ရာသက်ပန်ဆွမ်းပဒေသာပင်အတွက် အလှူငွေကျပ်သိန်း ၃၀ ပေးအပ်လှူဒါန်းရာ ဥပဋ္ဌာကအဖွဲ့ ဒုတိယဥက္ကဋ္ဌ သီဟာသုဓမ္မဇောတဓဇ ဦးချစ်ထွန်းက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကြောင်း သိရသည်။

**PNT**

# ထူးအောင်မြေကျောင်း ယဉ်ကျေးလိမ္မာသင်တန်းမှ ကျောင်းသား၊ ကျောင်းသူများအား အာဟာရဒါန ဒံပေါက်စတုဒိသာ ကျွေးမွေး

**ပွင့်ဖြူ မတ် ၁၈**

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်၊ နန်းတော်ကျွန်းကျေးရွာနေ ကိုမိုးဆန်းဦး+မစိုးစိုးအေး မိသားစုက 'ချစ်သဲဦး အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး' ဆိုင်ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် မတ် ၁၆ ရက်က ထူးအောင်မြေကျောင်း၌ ဖွင့်လှစ်လျက်ရှိသည့် ယဉ်ကျေးလိမ္မာသင်တန်းမှ ကျောင်းသား၊ ကျောင်းသူ ၂၀၀ ဦးနှင့် ကိုရင်အပါး ၂၀ တို့အား အာဟာရဒါနအဖြစ် ဒံပေါက်စတုဒိသာ ကျွေးမွေးလှူဒါန်းခဲ့သည်။ **(ဝဲပုံ)**



ထိုသို့ လှူဒါန်းရာတွင် နန်းတော်ကျွန်းကျေးရွာမှ အလှူရှင် ကိုမိုးဆန်းဦး + မစိုးစိုးအေး မိသားစုက 'ချစ်သဲဦး အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး' ဆိုင်ဖွင့်ပွဲ အထိမ်းအမှတ် ထူးအောင်မြေကျောင်း၌ ဖွင့်လှစ်လျက်ရှိသည့် ယဉ်ကျေးလိမ္မာသင်တန်းမှ ကျောင်းသား၊ ကျောင်းသူမ ၂၀၀ ဦးနှင့် ကိုရင်အပါး ၂၀ တို့အား အာဟာရဒါနအဖြစ် ဒံပေါက်စတုဒိသာ ကျွေးမွေးလှူဒါန်းခြင်း၊ နန်းတော်ကျွန်းကျေးရွာနှင့် အနီးဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအား ဒံပေါက် စတုဒိသာများ ကျွေးမွေးလှူဒါန်းခဲ့ကြောင်း၊ အဆိုပါ အာဟာရဒါန စတုဒိသာ ကျွေးမွေးလှူဒါန်းရာ၌ ဒေသခံ ရပ်မိ၊ ရပ်ဖများက လိုအပ်သည်များ ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(၄၄၅)**

# မဟာမြိုင်(၁) ရပ်ကွက်ပြည်သူများ ဘုံဆွမ်းလောင်းအသင်း (၄၁)ကြိမ်မြောက် ဘုံဆွမ်းလောင်းလှူ

**မန္တလေး မတ် ၁၈**

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁)ရပ်ကွက်ပြည်သူများ ဘုံဆွမ်းလောင်းအသင်း၏ (၄၁)ကြိမ်မြောက် ဘုံဆွမ်းလောင်းလှူပွဲကို တန်ခူးလဆန်း ၁ ရက် နံနက် ၅ နာရီခွဲက သိပ္ပံလမ်းနှင့် ၆၉လမ်းထောင့်တွင် ကျင်းပသည်။



ဘုံဆွမ်းလောင်းလှူရာတွင် လေးပြင်လေးရပ်မှ ကြွရောက်တော်မူလာကြသော သံဃာတော်နှင့် သာမဏေ အပါး ၃၅၀ ကျော်အား ဆွမ်း၊ ဝက်သားဟင်း၊ ခရမ်းသီးနှပ်၊ သရက်ချဉ်သုပ်၊ ဆပ်ပြာမှုန့်ထုပ်နှင့် သံဃာတော်နှင့်သာမဏေတစ်ပါးလျှင် နဝကမ္မဝတ္ထုငွေကျပ် ၁၀၀၀ စီကို လောင်းလှူကြပြီး နဝကမ္မဝတ္ထုငွေကျပ် ၁၃၀၀၀၀ နှင့် သင်္ကန်း ၁၃ စုံ တို့ကို စာရေးတံမဲဖောက်၍ ဘုံဆွမ်းလောင်းအသင်း တည်ထောင်သူ ဦးနေမင်းဦး+ဒေါ်ယုယုဇော်(ပီတိသုခ)မိသားစု၊ ဝက်သားအလှူရှင် ဦးမျိုးဝင်း+ဒေါ်အိအိချော (ကောင်းထက်မဟာနှင့် ကာဗာတိုင်းပြည်) မိသားစု၊ ဦးအောင်သန်းလှိုင်+ဒေါ်နန်းနီနီဝင်းမိသားစု၊ ဦးသိန်းဇော်+ဒေါ်မြမြသက်(စိမ်းမြတ်ကျောက်မျက်ကုမ္ပဏီ)၊ ဦးသာအေး+ဒေါ်တင်ရီတို့အား ရည်စူး၍ ဦးသိန်းတန်နှင့်သားသမီးမြေးတစ်စု၊ ဦးမြင့်လွင်+ဒေါ်ခင်ချိုဝင်း မိသားစု၊ ဦးချိန်စီ+ဒေါ်တွမ်ဟိုက်လန့်တို့အား အမှူးထား၍ မောင်ကျော်သက်ဦးနှင့်မောင်နှမတစ်စု၊ ဦးရိမ်ပါထိုင်+ဒေါ်သွယ်သွယ်လှတို့အား ရည်စူး၍ ဦးပြည့်စုံကိုကိုနှင့်ညီအစ်ကိုမောင်နှမတစ်စု၊ ဦးဇော်ထွန်း+ဒေါ်နန်းရတနာမိုး(ပန်တော်ဦး အမျိုးသမီးအဆောင်)၊ ဦးစိန်လင်း၊ ဦးဇော်လင်းတို့အား ရည်စူး၍ ဒေါ်နေဇာသိမ့်သိမ့်လင်း (သဇင်နီဗွာန်ကုန်ဆိုင်)၊ ဦးကျော်ဝင်းစိန်+ဒေါ်အေးအေးဆွေ(သမီး) မဝင်းမာလာကျော်(တိမ်လွှာအလှပြင်ဆိုင်)၊ ဒေါ်မေသဇင်ဦးမိသားစု၊ ရပ်ကွက်ပြည်သူများနှင့် ဘုံဆွမ်းလောင်းအသင်းသား၊ အသင်းသူများက လောင်းလှူခဲ့ကြောင်း သိရသည်။ **(ဝဲပုံ) (၀၄၀)**



# ဘိုးဘွားများနှင့် ချို့တဲ့အိမ်ထောင်စုများအား (၃၃)ကြိမ်မြောက် ထောက်ပံ့ငွေနှင့် အခြေခံစားသောက်ဖွယ်ရာများ လှူဒါန်း

**မန္တလေး မတ် ၁၈**

ရဲမွန်တောင်ရပ်ကွက်အတွင်းရှိ ဘိုးဘွားများနှင့် ချို့တဲ့အိမ်ထောင်စုများကို (၃၃)ကြိမ်မြောက် ထောက်ပံ့ငွေနှင့် အခြေခံစားသောက်ဖွယ်ရာများ လှူဒါန်းခြင်းကို ယနေ့ နံနက် ၉ နာရီက မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးတွင် ထောက်ပံ့ပေးအပ်သည်။

အဆိုပါထောက်ပံ့ပွဲသို့ တက်ရောက်လာသူများကို မုန့်ဟင်းခါး ကျွေးမွေးလှူဒါန်းရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဗိုလ်မှူးဆွေလွင်အောင်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးထွန်းမြင့်ဦးနှင့် ရပ်မိ၊ ရပ်ဖများ တက်ရောက်ကြသည်။

အဆိုပါထောက်ပံ့ပေးအပ်ပွဲတွင် သက်ကြီးဘိုးဘွား ၃၀ ဦးအား တစ်ဦးလျှင် ငွေကျပ် ၂၀၀၀၀ နှင့် ရပ်ကွက်ပြည်သူ အိမ်ထောင်စု ၇၀ တို့အား ထောက်ပံ့ငွေကျပ် ၁၀၀၀၀ နှင့် ဆန် နှစ်ပြည်၊ ဆီ ၅၀ ကျပ်သား၊ ကြက်ဥ ၁၀ လုံး၊ ကြက်သွန်နီ ၅၀ ကျပ်သား၊ ဆားတစ်ထုပ်၊ ဆပ်ပြာခရင်မ် တစ်ဘူးတို့ကို ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**(မန္တလေးနေ့စဉ်-၆)**

# မန္တလေးတက္ကသိုလ် ကျန်းမာရေးစောင့်ရှောက်မှုကော်မတီသို့ ငွေပဒေသာပင် စိုက်ထူလှူဒါန်း

**မန္တလေး မတ် ၁၈**

မန္တလေးတက္ကသိုလ်ကျန်းမာရေးစောင့်ရှောက်မှုကော်မတီမှ ကန်တော့ခံ ဆရာကြီး၊ ဆရာမကြီးများအား ကျန်းမာရေးနှင့်ပတ်သက်သည့် ကိစ္စရပ်များ စဉ်ဆက်မပြတ် ထောက်ပံ့လျက်ရှိရာ ကျောင်းသား၊ ကျောင်းသူဟောင်းများကလည်း ကျန်းမာရေး ငွေပဒေသာပင်များ စိုက်ထူလှူဒါန်းလျက်ရှိသည်။

မန္တလေးတက္ကသိုလ်ကျန်းမာရေးစောင့်ရှောက်မှုကော်မတီသို့ ငွေပဒေသာပင် စိုက်ထူလှူဒါန်းပွဲကို မတ် ၁၇ ရက် နံနက် ၁၀ နာရီက မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ရန်ကုန်-မန္တလေးလမ်းရှိ သူရိန်နန်းအထက်တန်းကျောင်းတွင် ကျင်းပသည်။

အခမ်းအနားတွင် မဟာအောင်မြေမြို့နယ်၊ ရွှေဘုန်းရှိန်ရပ်ကွက်နေ ဦးမြင့်လွင်+ဒေါ်ခင်သီတာအေး(ဆင်မင်း ပလတ်စတစ်)မိသားစုက ငွေကျပ် သုံးသိန်း လှူဒါန်းရာ ကျန်းမာရေးစောင့်ရှောက်မှုကော်မတီနာယက ဆရာကြီး ဦးတင်မောင်၊ ဥက္ကဋ္ဌ ဒေါက်တာ သီတာဝင်းက လက်ခံရယူပြီး ဂုဏ်ပြုလွှာပေးအပ်ခဲ့သည်။



မန္တလေးတက္ကသိုလ်ကျန်းမာရေးစောင့်ရှောက်မှုကော်မတီအနေဖြင့် အဖွဲ့တည်ထောင်သည့် ၂၀၂၃ခုနှစ် မေ ၂၃ ရက်မှစ၍ ၂၀၂၆ခုနှစ် မတ် ၁၅ ရက်အထိ ကန်တော့ခံ ဆရာကြီး၊ ဆရာမကြီး ၃၈၂ ဦးအတွက် ဂါရဝပြုငွေကျပ် ၇၈၅ သိန်း ထောက်ပံ့နိုင်ခဲ့ကြောင်း သိရသည်။

**(ဝဲပုံ) (၀၄၅)**

**အသက်သည် သွေး၊ သွေးသည် အသက်။**

# ကျွန်တော်နှင့် .... တောင်သမန်အင်း .... အပိုင်း(၁)

**DE. ဦးသန်းမြင့်ရေ**

တောင်သမန်အင်းကြီးဟာ သာမန်အခြေအနေမှာဆိုရင် ရေပြင်အကျယ်ဧရိယာ ဧက(၈၀၀)ကနေ ဧက(၁၀၀၀)အထိရှိတယ်လို့ ပြောကြပါတယ်ခင်ဗျား။ မိုးများတဲ့ကာလတွေမှာဆိုလို့ရှိရင် ဧက(၁၈၀၀)အထိ ကျယ်ဝန်းတယ်လို့ မှတ်သားမိပါတယ်ခင်ဗျား။ ရေအနက်က ကိုးပေကနေ ၁၅ပေအထိ ရှိပါတယ်။ တောင်သမန်အင်းထဲမှာ ၁၉ ရာစုအလယ်၊ အမရပူရခေတ်၏ ပုဂံမင်းလက်ထက်မှာ အင်းကိုဖြတ်ပြီးတော့ တည်ဆောက်ခဲ့တဲ့ ဦးပိန်တံတားဟာ နာမည်ကြီးပါတယ်။ ကမ္ဘာလှည့်ခရီးသည်များနှင့် ပြည်တွင်းခရီးသွားများ လာရောက်လည်ပတ်ကြသည့် သမိုင်းဝင်ယဉ်ကျေးမှုအမွေအနှစ်တစ်ခုလည်း ဖြစ်ပါသည်။ မန္တလေးမြို့အတွင်းမှ အိမ်သုံးစွန့်ပစ်ရေများ စီးဝင်လျက်ရှိသည့် ကိုလံဘိုမြောင်း၊ စက်မှုလုပ်ငန်းသုံး၊ လယ်ယာစိုက်ပျိုးရေးသုံး ပိုလျှံရေများ စီးဝင်လျက်ရှိသည့် ပန်းရံတော်ချောင်း၊ အမှတ်(၆)ဆည်ရေပိုပစ်မြောင်းနှင့် လက်ခုပ်ပင်ချောင်းများသည် တောင်သမန်အင်းအတွင်းသို့ ပုံမှန်စီးဆင်းဝင်ရောက်တယ်လို့ သိရှိရပါသည်။ မိုးရာသီတွင် ဧရာဝတီမြစ်ရေတက်ချိန်၌ မဲအိုးချောင်းမှတစ်ဆင့် မြစ်ရေများ ဝင်လာပါသည်။ ဒုဋ္ဌဝတီမြစ်ရေတက်ချိန်တွင် သူငယ်တော်ချောင်းနှင့် ရေကြည်ပေါက်ချောင်းအတွင်းမှ မြစ်ရေဝင်လေ့ရှိပါသည်။ မြစ်ရေကျချိန်မှာ အင်းရေများဟာ မဲအိုးချောင်းမှတစ်ဆင့် ဧရာဝတီမြစ်အတွင်းသို့ ရေတွေ အဓိကစီးထွက်ပါသည်။ တောင်သမန်အင်းသည် အပူပိုင်းဇုန်ဒေသ(Central Dry Zone) အတွင်း ပါဝင်သည့် ကုန်းတွင်းကန်တစ်ခုဖြစ်ပါသည်။ ရေတိမ်ဒေသ(Wetland)တစ်ခုလည်း ဖြစ်ပါသည်။ ဆောင်းခိုငှက်များနားခိုရာ၊ လူ၊ အပင်၊ တိရစ္ဆာန်နှင့် ရေမြေသဘာဝများ အပြန်အလှန် အမှီသဟဲပြုရာ ဂေဟစနစ်ကောင်းတစ်ခုလည်း ဖြစ်ပါသည်။ အင်းပတ်ဝန်းကျင်မှီခိုနေထိုင်သူများအတွက် ရေချိုသယံဇာတအရင်းအမြစ်ကောင်း တစ်ခုဖြစ်ပြီး မန္တလေးမြို့ စိမ်းလန်းစိုပြည်စေရေးနှင့် အပူဒဏ်ကာကွယ်ရေးအတွက် အထောက်အကူပြုနေသော သဘာဝအရင်းအမြစ်တစ်ခုလည်း ဖြစ်ပါသည်။

**DE. ဦးသန်းမြင့်ရေ**

တကယ်တော့ တောင်သမန်ကန်လို့ခေါ်ပေမယ့် သူဟာ အင်းအမျိုးအစားထဲမှာ ပါပါတယ်။ ဧရာဝတီမြစ်ကြီး ရေကြီးရေလျှံတဲ့အချိန်မှာ ဒုဋ္ဌဝတီမြစ်ကြီး ရေကြီးရေလျှံတဲ့အချိန်မှာ မြစ်ရေတွေဟာ Water Retension Pond လိုခေါ်တဲ့ အင်းအတွင်းကို မြစ်ရေတွေ ခိုဝင်လာပါတယ်။ မြစ်ရေတွေကျသွားတဲ့အချိန်မှာ အင်းထဲက ရေတွေဟာ ပြန်ပြီးတော့ ပါသွားတဲ့သဘော ဖြစ်ပါသည်။

**DE. ဦးသန်းမြင့်ရေ**

မန္တလေးမြို့ကို လာရောက်လည်ပတ်ကြသည့် ခရီးသွားများအတွက်တော့ တောင်သမန်အင်းဟာ လည်ပတ်စရာအထင်ကရနေရာတစ်ခုဖြစ်ပါသည်။ မန္တလေးနန်းတော်ကြီး၊ မန္တလေးတောင်၊ မန္တလေးက တန်ခိုးကြီးဘုရားများ၊ တောင်သမန်အင်း စသည်ဖြင့် လည်ပတ်စရာတွေထဲက တစ်ခုပဲဖြစ်ပါသည်။ အဲ့ဒီလိုပါပဲ မန္တလေးသင်္ကြန်ကို လည်ပတ်တဲ့ ပြည်သူတွေဟာဆိုလို့ရှိရင် နေ့လယ်ခင်းတစ်ရေးတစ်မောနားချင်တဲ့အချိန်မှာ နေ့လယ်စာ စားပြီးလို့ရှိရင် အပန်းဖြေဖို့ အရိပ်ကောင်းတဲ့ မယ်ဇယ်ပင်တန်းတွေရှိတဲ့နေရာ တောင်သမန်အင်းကို လာရောက်ကြပါတယ်။ တန်ခိုးကြီးဘုရားဖြစ်တဲ့ တောင်မင်းကြီးဘုရား ရှိတယ်။ ကျွန်းသစ်သားများဖြင့် တည်ဆောက်ထားတဲ့ ဦးပိန်တံတားလည်း ရှိပါတယ်။ ဒါကြောင့်မို့လို့ တောင်သမန်အင်းဟာဆိုလို့ရှိရင် မန္တလေးမြို့ကိုလာရောက်လည်ပတ်သူတွေအတွက် အထင်ကရနေရာတစ်ခုလည်း ဖြစ်ပါတယ်ခင်ဗျား…။

**ရွှေဇင်**

## စည်ပင်သာယာဈေး၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ကြည့်ရှုစစ်ဆေး

**ဆင်ပေါင်ဝဲ မတ် ၁၈**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ ဆင်ပေါင်ဝဲမြို့နယ် စည်ပင်သာယာရေးဈေး၌ မီးလောင်မှု၊ မီးလန့်မှုများ မဖြစ်ပွားစေရန်နှင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ သိရှိလိုက်နာဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ယမန်နေ့ ညနေ ၅ နာရီက ဌာနဆိုင်ရာတာဝန်ရှိသူများ ပူးပေါင်းအဖွဲ့က မီးဘေးလုံခြုံရေးဆိုင်ရာများ ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။



ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဆင်ပေါင်ဝဲမြို့နယ် မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးဆန်းဝင်း၏ကြီးကြပ်မှုဖြင့် ဒုတိယမီးသတ်ဦးစီးမှူး ဦးရဲသီဟ ဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်များက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ၊ မြို့နယ်လျှပ်စစ်ဝန်ထမ်းများနှင့် ပူးပေါင်း၍ ဆင်ပေါင်ဝဲမြို့နယ်စည်ပင်သာယာဈေးအတွင်း၊ အပြင်ရှိ ဈေးဆိုင်များအလိုက် မီးဘေးကြိုတင်ကာကွယ်ရေးဆောင်ရွက်ထားရှိမှု၊ လျှပ်စစ်မီးသွယ်တန်းသုံးစွဲမှုအခြေအနေများ၊ မီးလောင်စေနိုင်သော လောင်စာများ မရှိစေရေး သန့်ရှင်းရေးဆောင်ရွက်ထားရှိမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ဈေးသူ၊ ဈေးသားများအား ဈေးပိတ်သိမ်းချိန်၌ လျှပ်စစ်မီးခလုတ်များနှင့် Braker များ(ခါးမိန်း)ကို စနစ်တကျပိတ်ထားရန်၊ ဈေးဆိုင်ခန်းများအတွင်း လောင်စာဆီများ သိုလှောင်သိမ်းဆည်းခြင်း၊ ခြင်ဆေးခွေ ထွန်းညှိခြင်းများကို ရှောင်ကြဉ်ရန်၊ အကြောင်းအမျိုးမျိုးကြောင့် မီးလောင်မှုဖြစ်ပေါ်ပါက လျင်မြန်စွာ မီးငြိမ်းသတ်နိုင်သော မီးသတ်ဆေးဘူး (Dry Chemical Powder 3Kg) တစ်ဘူးစီ အနည်းဆုံးစီစဉ်ထားရှိရန် တို့ကို အသိပညာပေး ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

ခန့်ဝင်း(ဆင်ပေါင်ဝဲ)



## အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများအကြောင်း အသိပညာပေး ဟောပြော

**ကျောက်ဆည် မတ် ၁၈**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင် လူထုအခြေပြုဗဟိုဌာန၌ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်း၍ ယနေ့ နံနက်ပိုင်းက အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများအကြောင်း အသိပညာပေး ဟောပြောပွဲ ကျင်းပသည်။

ရှေးဦးစွာ ကျောက်ဆည်ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်ထွေးက လူငယ်များ၏ဝတ်စားဆင်ယင်မှု၊ လူငယ်နှင့် အကျင့်စရိုက်များအကြောင်းနှင့် မြန်မာ့ရိုးရာဝတ်စားဆင်ယင်မှုများအကြောင်း ဟောပြောဆွေးနွေးခဲ့ပြီး မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်နှင်းယုသင်းက အမျိုးသားယဉ်ကျေးမှုအကြောင်းများကို အသီးသီး ဟောပြောကြသည်။

ဟောပြောပွဲသို့ ကျောက်ဆည်မြို့နယ် ရပ်ကွက်၊ ကျေးရွာများရှိ ကျောင်းသားလူငယ်များ၊ အမျိုးသမီးငယ်များ ၄၈ ဦး တက်ရောက်ခဲ့ကြောင်းနှင့် ဟောပြောပွဲအပြီးတွင် အချိန်ကိုအကျိုးရှိစွာ အသုံးချသည့်အနေဖြင့် လူငယ်များက ခရိုင်ပြည်သူ့စာကြည့်တိုက်မှ သုတ၊ ရသစာအုပ်များကို ငှားရမ်းဖတ်ရှုခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ) (၄၈၅)**

## စစ်ကိုင်းမြို့၌ ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေ

**စစ်ကိုင်း မတ် ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာကော်မတီ၊ အသိပညာပေးရေးနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေးလုပ်ငန်းကော်မတီမှထုတ်ဝေသော ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေး လက်ကမ်းစာစောင်များကို စစ်ကိုင်းခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများက မတ် ၁၇ ရက် နံနက်ပိုင်းတွင် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းနှင့် ရွှေမင်းဝံရပ်ကွက်ရှိ လူစည်ကားရာနေရာများ၌ ဖြန့်ဝေပေးခဲ့သည်။

အဆိုပါလက်ကမ်းစာစောင်တွင် ကလေးအလုပ်သမား၏ အဓိပ္ပာယ်၊ ကလေးအလုပ်သမားဖြစ်ပေါ်စေသည့်အကြောင်းတရားများ၊ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေနှင့် ကလေးအလုပ်သမားဆိုင်ရာ ဆက်စပ်ဥပဒေများ စသည့် အကြောင်းအရာများပါဝင်ပြီး ပြည်သူများအား လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**(ယာပုံ)အေးငြိမ်းစံ(ပြန်/ဆက်)**



သင့်အသက်အန္တရာယ်ကာကွယ်ရန်အတွက် ဆိုင်ကယ်စီးလျှင် ဦးထုပ်ဆောင်းပြီး မေးသိုင်းကြိုးသေချာစွာ တပ်ပါ။

# လူထုအခြေပြုဗဟိုဌာန (Community Centre) ခန်းမ၌ အခြေခံပန်းချီရေးဆွဲနည်း သင်တန်း(အခမဲ့) ဖွင့်လှစ်

**ပုဗ္ဗသီရိ မတ် ၁၈**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဥတ္တရခရိုင်၊ ပုဗ္ဗသီရိမြို့၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် နွေရာသီကျောင်းပိတ်ရက်များတွင် ကျောင်းသား၊ ကျောင်းသူ လူငယ်မောင်မယ်များအား အချိန်ကို အကျိုးရှိစွာအသုံးချတတ်စေရန်၊ ထူးချွန်ထက်မြက်သော လူငယ်၊ လူရွယ်များဖြစ်လာစေရန် ရည်ရွယ်၍ အခြေခံပန်းချီရေးဆွဲနည်းသင်တန်းကို အဆိုပါဦးစီးဌာန လူထုအခြေပြုဗဟိုဌာန (Community Centre)ခန်းမ၌ မတ် ၁၆ ရက် နံနက်ပိုင်းမှစတင်၍ အခမဲ့သင်ကြားပို့ချပေးခဲ့သည်။



ရှေးဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးပြည့်ဖြိုးဇော်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး ကျောင်းသား၊ကျောင်းသူများအား သင်ထောက်ကူပစ္စည်းများကို ပေးအပ်ခဲ့သည်။ ဆက်လက်၍ ဆရာကာတွန်း အိမောင်က ပန်းချီရေးဆွဲနည်းများကို သင်ကြားပို့ချပေးခဲ့သည်။

အဆိုပါသင်တန်းတွင် ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၂၃ ဦး တက်ရောက်သင်ယူလျက်ရှိပြီး မျဉ်းများအကြောင်း၊ အရောင်များအကြောင်းနှင့် လူ၊ တိရစ္ဆာန်ပုံရေးဆွဲနည်းစသည့် သင်ခန်းစာများကို သင်ကြားပို့ချပေးသွားမည်ဖြစ်ပြီး သင်တန်းကာလမှာ မတ် ၁၆ ရက်မှ ၂၀ ရက်အထိ ဖြစ်ကြောင်း သိရသည်။

(ဝဲပုံ)

**မိုးလရောင်(ပြန်/ဆက်)**

*-*-*-*-*



# ရိုးရာအစဉ်အလာမပျက် အတာသင်္ကြန်ပွဲတော် ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**မိုင်းယောင်း မတ် ၁၈**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယောင်းခရိုင်၊ မိုင်းယောင်းမြို့နယ် ဗလမင်းထင်ခန်းမ၌ ယမန်နေ့က ရိုးရာအစဉ်အလာမပျက် အတာသင်္ကြန်ပွဲတော် ကျင်းပနိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းက ကျင်းပခဲ့သည်။

ရှေးဦးစွာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးဝေမောင်က နှစ်သစ်ကူးမြန်မာ့ရိုးရာ ယဉ်ကျေးမှု အတာသင်္ကြန်ပွဲတော်ကို ရိုးရာအစဉ်အလာမပျက် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရန် အမှာစကားပြောကြားသည်။ ထို့နောက် ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးသက်ဆွေနှင့် အဖွဲ့ဝင်များ၊ အစည်းအဝေးတက်ရောက်လာသူများက အတာသင်္ကြန်ပွဲတော် စည်ကားစွာ ကျင်းပနိုင်ရေးပူးပေါင်းဆောင်ရွက်မည့်အခြေအနေအား သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးပြောကြားပြီး ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူးက နိဂုံးချုပ်စကားပြောကြားခဲ့သည်။

ထို့နောက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူးသည် မြို့နယ်ထွေ/အုပ်ရုံးခန်း၌ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပပြီး မြို့နယ်ထွေ/အုပ်စိုက်ခင်းမှ ထွက်ရှိသည့် ဟင်းသီးဟင်းရွက်များကို မြို့နယ်ထွေ/အုပ်ဝန်ထမ်းများအား ဖြန့်ဝေပေးသည်။ ယင်းနောက် ဗလမင်းထင်ခန်းမတွင် KTV လုပ်ငန်းရှင်များအား တည်ဆဲဥပဒေနှင့်အညီ လုပ်ငန်းဆောင်ရွက်နိုင်ရေးအတွက် အသိပညာပေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

**ထွန်းမြင့်လှိုင်(ပြန်/ဆက်)**

# နတ်သမီးကမ်းပါးကျေးလက်မြစ်ရေတင်လုပ်ငန်း စက်စက်ယိုလိုင်း ရေတွန်းစက်ရုံဝန်ထမ်းအိမ်ရာများ ပြုပြင်ပြီးစီးမှုနှင့် ရေပေးဝေရေးလုပ်ငန်းများ စစ်ဆေး

**ညောင်ဦး မတ် ၁၈**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ် နတ်သမီးကမ်းပါးကျေးလက်မြစ်ရေတင်လုပ်ငန်း စက်စက်ယိုလိုင်း ရေတွန်းစက်ရုံဝန်ထမ်းအိမ်ရာ အဆောက်အအုံများပြုပြင်ပြီးစီးမှုနှင့် ကျေးရွာများသို့ ရေဖြန့်ဝေပေးနေမှု အခြေအနေများကို မတ် ၁၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ညောင်ဦးခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဟန်မြင့်ထွန်း၊ ညောင်ဦးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးညီညီဦးနှင့် အင်ဂျင်နီယာများက ၂၀၂၅ - ၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်သည့် နတ်သမီးကမ်းပါးကျေးလက်မြစ်ရေတင်လုပ်ငန်း စက်စက်ယိုလိုင်း ရေတွန်းစက်ရုံဝန်ထမ်းအိမ်ရာ အဆောက်အအုံများ ပြုပြင်ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ဆောင်ရွက်ပြီးစီးသည့် ရေစက်ရုံဝန်ထမ်းအိမ်ရာ အဆောက်အအုံများ ရေရှည်တည်တံ့ကောင်းမွန်စေရေး ထိန်းသိမ်းဆောင်ရွက်သွားရန်၊ မီးဘေးအန္တရာယ် အထူးဂရုပြုဆောင်ရွက်ကြရန်၊ ကျေးလက်နေပြည်သူများ ပွင့်လင်းရာသီကာလတွင် သောက်သုံးရေဖူလုံစေရန်နှင့် ပြတ်လပ်မှုမရှိစေရေးအတွက် စနစ်တကျ ဖြန့်ဝေပေးရန်၊ ရေစက်ရုံရှိ စက်ယန္တရားများ ကြံ့ခိုင်ကောင်းမွန်ရေး ဂရုတစိုက် ကိုင်တွယ်ထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားပြီး ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။



အဆိုပါ နတ်သမီးကမ်းပါးကျေးလက်မြစ်ရေတင်လုပ်ငန်း စက်စက်ယို ရေပိုက်လိုင်းတစ်လျှောက်ရှိ ရေတွန်းစက်ရုံဝန်ထမ်းအိမ်ရာ အကျယ်အဝန်း (၄၀× ၂၀×၁၂) ပေ အဆောက်အအုံခြောက်လုံးနှင့် (၂၀×၂၀×၁၂)ပေ အဆောက်အအုံ ခုနစ်လုံး ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းကို ၂၀၂၅ - ၂၀၂၆ ဘဏ္ဍာနှစ် သာမန်ပြင်ထိန်းရန်ပုံငွေကျပ် ၂၅ ဒသမ ၅၂ သန်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ယူ၍ ယခုနှစ် ဇန်နဝါရီ ၁၅ရက်မှ လုပ်ငန်းစတင် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း ညောင်ဦးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးထံမှ သိရသည်။

(အပေါ်ဝဲပုံ)

**(၄၄၅)**

# ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပြန့်ပွားရေး သင်တန်းဖွင့်လှစ်

**ကန့်ဘလူ မတ် ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ကြီးမှူး၍ ဌာနတွင်းနှင့်ဆက်စပ်ဌာနများအား ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပြန့်ပွားရေးသင်တန်းကို မတ် ၁၆ ရက် နံနက် ၁၀ နာရီခွဲက အဆိုပါရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ခရိုင်တာဝန်ခံ ဦးညီညီစိုးက သင်တန်းဖွင့်လှစ်ရခြင်း၏ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးအကြောင်း၊ ဒုတိယဦးစီးမှူး ဒေါ်ဇင်နွယ်ဦးက မီးခိုးမြူငွေ့ညစ်ညမ်းမှုအန္တရာယ်၊ ဒုတိယဦးစီးမှူး ဒေါ်မွန်မွန်သော်က အဖိုးတန်ရေသယံဇာတထိန်းသိမ်းကြ၊ ဒုတိယဦးစီးမှူး ဦးကျော်မျိုးထက်က ရာသီဥတုပြောင်းလဲမှုကြောင့်ဖြစ်ပေါ်လာသော ဆိုးကျိုးများ၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခိုင်ဇင်က အမျိုးသမီးများနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍ၊ ခရိုင်စားသုံးသူရေးရာဦးစီးဌာန မြို့နယ်တာဝန်ခံ ဦးမျိုးဝင်းသန်းက စားသုံးသူများနှင့်ပတ်ဝန်းကျင်အပေါ် အကျိုးသက်ရောက်မှုစသည့် ခေါင်းစဉ်များဖြင့် ဆွေးနွေးဟောပြောခဲ့သည်။



အဆိုပါ သင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၂၅ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ သုံးရက်ကြာ သင်ကြားပေးခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

# အောင်လံမြို့နယ်၌ နွေစပါး လက်ဆွဲကောက်စိုက်စက်ဖြင့် စိုက်ပျိုးမှု သရုပ်ပြပညာပေးစံပြကွက် ဆောင်ရွက်

**အောင်လံ မတ် ၁၈**

မကွေးတိုင်းဒေသကြီး၊ အောင်လံမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဒေသတွင်း စပါးထုတ်လုပ်မှု မြင့်မားစေရန်နှင့် တောင်သူများ စိုက်ပျိုးစရိတ်သက်သာစေရန် ရည်ရွယ်၍ နွေစပါးလက်ဆွဲကောက်စိုက်စက်ဖြင့် စိုက်ပျိုးမှုသရုပ်ပြ ပညာပေးစံပြကွက်ကို ယနေ့ နံနက်ပိုင်းက သံရွာကျေးရွာ၌ ဆောင်ရွက်ခဲ့သည်။ **(အောက်ပုံ)**



အဆိုပါ ပညာပေးစံပြကွက်ကို အောင်လံမြို့နယ်၊ သံရွာကျေးရွာရှိ ကွင်းအမှတ်(၇၆ခ)၊ ဦးပိုင်အမှတ် (၇၈)ရှိ တောင်သူ ဦးဝင်းမောင်ကြီး အပါအဝင် တောင်သူ ငါးဦး၏ စိုက်ဧက ၆ ဒသမ ၀၀ ဧက ပေါ်တွင် ဆောင်ရွက်ခြင်းဖြစ်သည်။ စိုက်ပျိုးရာတွင် 'အောင်နိုင်တိုး' စပါးမျိုးကို လက်ဆွဲကောက်စိုက်စက်စနစ်ဖြင့် စနစ်တကျ စိုက်ပျိုးပြသခဲ့သည်။

ထိုသို့ စိုက်ပျိုးရာတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများက လက်ဆွဲကောက်စိုက်စက် အသုံးပြုခြင်းဖြင့် လုပ်သားရှားပါးမှု အခက်အခဲကို ကျော်လွှားနိုင်ခြင်း၊ စိုက်ကြိမ်စိုက်နှုန်း မှန်ကန်ခြင်း၊ ပင်ပွားနှုန်း ကောင်းမွန်ခြင်းနှင့် စိုက်ပျိုးစရိတ် သက်သာခြင်း စသည့် အကျိုးကျေးဇူးများကို တောင်သူများအား လက်တွေ့ရှင်းလင်းပြသခဲ့ကြောင်း သိရသည်။ **အာကာ(ပြန်/ဆက်)**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(ဗ-၁၆)၊ ဦးပိုင်အမှတ်(၅၇-က)၊ ဧရိယာ ပေ(၂၀×၃၀) အကျယ်အဝန်းရှိ ဒေါ်တူး အမည်ဖြင့် ချထားရရှိသော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံ၊ မီးမီတာ၊ အဝီစီတွင်း၊ သွယ်တန်းတပ်ဆင်ထားသောပစ္စည်းအရပ်ရပ်၊ ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို (၃၁-၁၂-၁၉၉၁)ရက်စွဲပါ အိမ်နှင့်မြေ အရောင်းအဝယ်ကတိစာချုပ်အရ တရားဝင်ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးငွေအောင်(အဘ)ဦးတိုး (၉/မရတ(နိုင်)၀၄၃၂၆၅)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အဆုံးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးစရန်ငွေများ ပေးချေခဲ့ပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်း မူရင်းအထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးနေဝင်းသန့် (LL.M)**
**တရားလွှတ်တော်ရှေ့နေ**
**၃၅(အေ)လမ်း၊ ၆၉လမ်းနှင့်၇၀(အေ)လမ်းကြား၊ မဟာမြိုင်(၁)ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၇၇၇၇၈၈၈၆၆၊ ၀၉-၆၆၉၉၉၃၇၈၆၊ ၀၉-၂၀၃၈၇၈၆၊ ၀၉-၇၇၅၅၆၆၇၈၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ရွှေဘုန်းရှိန်ရပ်ကွက်၊ အကွက်အမှတ်(၈၂၇)၊ ဦးပိုင်အမှတ်(၂-က)၊ ဧရိယာ ပေ(၄၀×၆၀) အကျယ်အဝန်းရှိ မြေကွက်မှာ ဦးနွယ် အမည်ဖြင့် ချထားပေးသော မြေကွက်ဖြစ်ပါသည်။ အဆိုပါ မြေကွက်အတွင်းမှ တောင်ဘက်အလယ်ခြမ်း ဧရိယာ (၁၅ပေ×ပေ၆၀) အကျယ်အဝန်းရှိ မြေကွက်အစိတ်အပိုင်းနှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံ၊ (ရေ+မီး) အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အဆင့်ဆင့်တရားဝင်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးလွင်မင်းမောင်(ဘ)ဦးတင်မောင်အေး(၅/ငဇန(နိုင်)၀၆၁၀၂၅)နှင့် ဒေါ်အိအိသန်း(ဘ)ဦးသန်း(၉/အမဇ(နိုင်)၀၃၅၃၇၄)တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်သဘောတူညီပြီး စရန်ငွေ တချို့တစ်ဝက်ကို ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ မြေကွက်အစိတ်အပိုင်း အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၁၄)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

| ဦးသန်းရွှေ | ဦးအောင်ဖြိုးမောင် | ဒေါ်နန်းဖြူဖြူအေး |
|---|---|---|
| B.A (Hist), H.G.P | LL.B | B.Sc . PGDL |

**(အထက်တန်းရှေ့နေများ)**
**၅၃လမ်း၊ ၁၁၀(A)လမ်းနှင့် ၁၁၀(B)လမ်းကြား၊ ထွန်းတုံးရပ်ကွက်၊**
**ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၅၁၄၀၄၇၈၊ ၀၉-၇၆၇၆၃၈၅၀၁၊ ၀၉-၇၉၂၁၁၉၁၆၃**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ရွှေဂုံပွားရပ်ကွက်၊ အကွက်အမှတ်(မ-၇၃/၁)၊ ဦးပိုင်အမှတ်(၃၇)၊ ဧရိယာ ပေ (၃၀×၄၀)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို အမွေဆက်ခံပိုင်ဆိုင်ထားသော မြေကွက်ဖြစ်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်အပြည့်အဝရှိသည်ဟု အဆိုပြုသူများဖြစ်သည့် ဒေါ်သန်းသန်းဝင်း(ဘ)ဦးကျော်ညွန့်(၉/ပသက(နိုင်)၀၁၂၄၉၇) ပါ-၅ ဦးတို့ထံမှ ကျွန်ုပ်၏ မိတ်ဆွေက ဝယ်ယူရန်သဘောတူညီပြီးဖြစ်၍ ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်း၊ စာချုပ်စာတမ်းအထောက်အထားမူရင်းများဖြင့် (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူများ၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်စောရင်ရင်မိုး LL.B**
**တရားလွှတ်တော်ရှေ့နေ**
**၄၁လမ်း၊ ၈၈(A)လမ်း၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၁၇၃၃၂၉**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ မြရည်နန္ဒာအိမ်ရာ၊ အကွက်အမှတ်(မမ-၂၅)၊ တိုက်အမှတ်(၉)၊ ဒုတိယထပ်ရှိ တိုက်ခန်းအမှတ်(၁၂)အား အမည်ပေါက်သူ ဒေါ်ကေသီမြင့်အောင်(ဘ)ဦးဝင်းအောင်(၉/ခမစ(နိုင်)၀၀၂၆၈၉)ထံမှ ကျွန်မ ဒေါ်လွင်လွင်စိုး(ဘ)ဦးဖုန်ဝင်ဆော်(၁၃/လရန(နိုင်)၁၉၅၁၉၇)မှ ဝယ်ယူပြီး မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တိုက်ခန်းအမည်ပြောင်း လျှောက်ထားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အောက်ပါလိပ်စာသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် အသိပေးကြေညာလိုက်ပါသည်။

**ဒေါ်လွင်လွင်စိုး**
**အခန်းအမှတ်(၉)နှင့်(၁၂)၊ ဒုတိယထပ် တိုက်အမှတ်(၉)၊ အကွက်အမှတ်(မမ-၂၅)၊**
**မြရည်နန္ဒာအိမ်ရာ၊ မြရည်နန္ဒာရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၅၆၄၃၁၆၈၆**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ မြရည်နန္ဒာအိမ်ရာ၊ အကွက်အမှတ်(မမ-၂၅)၊ တိုက်အမှတ်(၉)၊ ဒုတိယထပ်ရှိ တိုက်ခန်းအမှတ်(၉)အား အမည်ပေါက်သူ ဒေါ်နိုင်မေခိုင်(ဘ)ဦးဝင်း(၅/ဝလန(နိုင်)၀၉၅၅၅၈)ထံမှ ကျွန်မ ဒေါ်လွင်လွင်စိုး(ဘ)ဦးဖုန်ဝင်ဆော်(၁၃/လရန(နိုင်)၁၉၅၁၉၇)မှ ဝယ်ယူပြီး မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တိုက်ခန်းအမည်ပြောင်း လျှောက်ထားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အောက်ပါလိပ်စာသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် အသိပေးကြေညာလိုက်ပါသည်။

**ဒေါ်လွင်လွင်စိုး**
**အခန်းအမှတ်(၉)နှင့်(၁၂)၊ ဒုတိယထပ် တိုက်အမှတ်(၉)၊ အကွက်အမှတ်(မမ-၂၅)၊**
**မြရည်နန္ဒာအိမ်ရာ၊ မြရည်နန္ဒာရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၅၆၄၃၁၆၈၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ငွေတော်ကျီကုန်းရပ်ကွက်၊ အကွက်အမှတ်(အပိုင်း-၇)၊ ဦးပိုင်အမှတ်(၄)၊ ဧရိယာပေ(၄၀×၆၀) အကျယ်အဝန်းရှိ မြေကွက်မှာ ဦးညို(ခ)ခွေးညို(ဘ)ဦးမြင့်(ခ)ဘဒင်(၉/ပသက(နိုင်)၀၆၂၂၈၉)အမည်ဖြင့် ချထားပေးသော မြေကွက်ဖြစ်ပါသည်။ အဆိုပါ မြေကွက်အတွင်းမှ တောင်ဘက်ခြမ်း၏ အလယ်အစိတ်အပိုင်း တောင်-မြောက် ပေ(၂၀)၊ အရှေ့-အနောက် (၃၅)ပေ အကျယ်အဝန်းရှိ မြေကွက်အစိတ်အပိုင်းနှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံ၊ (ရေ+မီး)အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်အမွေဆက်ခံပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်စိန်ရင်(ဘ)ဦးဘဒင်ကြီး(၉/ပသက(နိုင်)၀၄၆၂၄၀)ထံမှ ကျွန်ုပ်က ဝယ်ယူရန်သဘောတူညီပြီး စရန်ငွေ တချို့တစ်ဝက်ကို ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ မြေကွက်အစိတ်အပိုင်း အရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၁၄)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်း မူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤ အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်တင်မြိုင်(ဘ)ဦးထွန်းမှင်**
**၁၃/ရငန(နိုင်)၀၂၁၇၃၄**
**၆၉လမ်း၊ ၁၀၇လမ်းနှင့်၁၀၈လမ်းကြား၊**
**ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၇၈၄၉၆၇၇၆၀**

## ပြင်ဆင်ဖတ်ရှု

၂၈-၂-၂၀၂၆ စာမျက်နှာ(၂၀) ဒေါ်မာမာလွင်(ပါ-၃)၏ အိမ်ဆောက်မိန့်ကြော်ငြာမှ RC(၃)ထပ် အစား SS(၂)ထပ်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ရွာသစ်ကလေးကျေးရွာအတွင်းရှိ ဦးဇင်ကို(ဘ/ဦးမြင့်စန်း)(၉/ပကခ(နိုင်)၀၁၉၃၇၈)ပိုင်ဆိုင်သော အရှေ့အနောက်(၂၃)ပေ၊ တောင်မြောက်(၁၁၀)ပေ အကျယ်အဝန်းရှိ မြေကွက် နေအိမ်အဆောက်အအုံတို့အား လက်ရှိပိုင်ရှင် ဦးဇင်ကိုထံမှ အရပ်စာချုပ်ဖြင့် ဝယ်ယူပြီး ကျွန်ုပ်၏မိတ်ဆွေက စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီး ဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆိုကန့်ကွက်လိုပါက ဤသတင်းစာ ကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ပိုင်ဆိုင်ကြောင်း စာရွက်စာတမ်းမူရင်းများဖြင့် လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

အကယ်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးခင်မောင်ညွန့်**
**တရားလွှတ်တော်ရှေ့နေ**
**စဉ်-၅၆၅၀ (၁၉၉၁)**
**လမ်း၂၀နှင့်၂၁လမ်းကြား၊ ၈၁လမ်း၊ ပုလဲငွေရောင်ရပ်၊**
**အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့။**
**၀၉-၄၄၁၀၀၅၅၄၁၊ ၀၉-၄၃၁၀၀၈၈၉**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ငွေတော်ကျီကုန်းရပ်ကွက်၊ အကွက်အမှတ်(အပိုင်း-၆)၊ ဦးပိုင်အမှတ်(၁၃၉)၊ ဧရိယာပေ (၆၀×၄၀) အကျယ်အဝန်းရှိ မြေကွက်မှာ ဒေါ်ညွန့်ရီ(ဘ)ဦးကံတော်(DI-၀၅၂၉၂၈) အမည်ဖြင့် ချထားပေးသော မြေကွက်ဖြစ်ပါသည်။ အဆိုပါ မြေကွက်အတွင်းမှ တောင်ဘက်အစွန်ဆုံး၏ မြောက်ဘက်အစိတ်အပိုင်း ဧရိယာ (၁၅ပေ×ပေ၄၀) အကျယ်အဝန်းရှိ မြေကွက်အစိတ်အပိုင်းနှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံ၊ ရေမီတာအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အဆင့်ဆင့် တရားဝင်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ (ဘ)ဦးစန်းလွင်၏သားသမီးများဖြစ်ကြသည့် ဒေါ်သီတာထူး(၉/ပကခ(နိုင်)၀၃၉၈၉၃)၊ ဒေါ်စုမြတ်နွယ်(၉/ပကခ(နိုင်)၀၃၉၈၉၄)၊ ဒေါ်မိုးမြင့်ခင်(၉/ပကခ(နိုင်)၀၃၉၈၉၅)၊ ဦးတိုးတိုးလွင်(၉/ပကခ(နိုင်)၀၃၉၈၉၆)၊ ဦးသန့်ဇင်(၉/ပကခ(နိုင်)၀၇၅၁၀၂)နှင့် ဒေါ်ချမ်းအေးသော်(၉/ပကခ(နိုင်)၀၇၅၁၀၄)တို့(၆)ဦးထံမှ ကျွန်ုပ်က ဝယ်ယူရန်သဘောတူညီပြီး စရန်ငွေ တချို့တစ်ဝက်ကို ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ မြေကွက်အစိတ်အပိုင်း အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၁၄)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်သီတာဝင်း(ဘ)ဦးရွှင်**
**၉ /ခမစ(နိုင်)၀၁၉၅၆၇**
**မြို့သစ်(၂)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၇၈၄၉၆၇၇၆၀**

## ပျောက်ဆုံးကြောင်း

ဦးကျော်သီဟ(ဘ)ဦးလောင်ကြဲ၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/ခအဇ(နိုင်)၀၁၈၀၃၂)ကိုင်ဆောင်သူ၏ Passport No. MA094416 သည် ပျောက်ဆုံးနေပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

**ဦးကျော်သီဟ၊ ဖုန်း ၀၉-၇၇၇၆၇၈၉၈၉**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ သီရိမာလာအနောက်ရပ်ကွက်၊ အကွက်အမှတ်(၂၀၈)၊ ဦးပိုင်အမှတ်(၇၀)၊ ဧရိယာ(၀ ဒသမ ၀၃၉၈)ဧက အကျယ်အဝန်းရှိ ဒေါ်ခင်မေဝင်း(ပါ-၃)ဦး အမည်ပေါက် ဂရန်မြေကွက်အတွင်းမှ ဦးနေယုဝင်း ပိုင်ဆိုင်သော(အနောက်ဘက်ခြမ်း) အရှေ့-အနောက်(၁၈)ပေနှင့် တောင်- မြောက်(၃၆)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံနှင့် (ရေ+မီးမီတာ) အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အဆိုပါ ဂရန်အမည်ပေါက်သူထံမှ အရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူခဲ့ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့် အပြည့်အဝရှိသည်ဟု အဆိုပြုသူ ဦးနေယုဝင်း(ဘ)ဦးတင်မောင်ဝင်း(၉/စကန(နိုင်)၀၅၈၇၀၁)ထံမှ ကျွန်ုပ်၏မိတ်ဆွေက ရောင်းကြေးငွေများကို အပြေအကြေပေးချေ၍ ဝယ်ယူကာ လက်ရှိလက်ရောက်နေထိုင်ပိုင်ဆိုင်လျက်ရှိသော မြေကွက်ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော ပိုင်ဆိုင်မှု စာရွက်စာတမ်း၊ စာချုပ်စာတမ်းအထောက်အထားမူရင်းများဖြင့် (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးကျော်ဝင်းသန်း (LL.B,D.B.L,D.I.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၈၉၂)**
**ဦးဇော်ထက်အောင် (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၅၃၄၀၇)**
**အကွက်(၉)၊ နန်းရှေ့၊ ဒေါနဘွားရပ်ကွက်၊**
**အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့။**
**၀၉-၄၀၂၅၇၅၃၁၂**

## ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ အကွက်အမှတ်(အ-၃)၊ ဦးပိုင်အမှတ်(၃)၊ လမ်း၇၀နှင့် ၇၁လမ်းကြား၊ ၁၁၇လမ်းနှင့် ၁၁၈လမ်းကြားရှိ ဦးကျော်ဆွေ(ခ)ရှိကျင်လုံအမည်ပေါက်ဂရန်မြေကွက်အား အမွေဆက်ခံစာချုပ်အမှတ်(၂၂၇၉/၂၀၂၄)ဖြင့် အမွေဆက်ခံခဲ့သော ဒေါ်ဝင်းမြင့်ကြည်(၁၃/လရန(နိုင်)၀၈၇၆၂၃)၊ ဒေါ်ကြည်ကြည်ဝင်း(၁၃/လရန(နိုင်)၀၀၁၂၇၆)၊ ဒေါ်ဖြူဖြူဝင်း(၁၃/လရန(နိုင်)၁၀၆၁၅၄)၊ ဒေါ်မီမီဝင်း(၁၃/လရန(နိုင်)၁၃၆၁၅၀)၊ ဒေါ်ခင်ခင်(ခ)ခင်ဖြိုးဝေ(၁၃/လရန(နိုင်)၁၃၅၉၉၅)တို့၏(GPရရှိသူ ဦးမောင်မောင်လှ(ခ)မောင်လှ)၊ ဒေါ်ချိုချိုဝင်း(၁၃/လရန(နိုင်)၀၀၁၂၇၅)တို့က အမှုတွဲအမှတ်(၅၇၆၃/၂၀၂၅-၂၀၂၆)ဖြင့် သက်တမ်းတိုး၊ အမည်ပြောင်းလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ အကွက်အမှတ်(အ-၃)၊ ဦးပိုင်အမှတ်(၄)၊ လမ်း၇၀နှင့် ၇၁လမ်းကြား၊ ၁၁၇လမ်းနှင့် ၁၁၈လမ်းကြားရှိ ဦးကျော်ဆွေ(ခ)ရှိကျင်လုံအမည်ပေါက်ဂရန်မြေကွက်အား အမွေဆက်ခံစာချုပ်အမှတ်(၂၂၇၉/၂၀၂၄)ဖြင့် အမွေဆက်ခံခဲ့သော ဒေါ်ဝင်းမြင့်ကြည်(၁၃/လရန(နိုင်)၀၈၇၆၂၃)၊ ဒေါ်ကြည်ကြည်ဝင်း(၁၃/လရန(နိုင်)၀၀၁၂၇၆)၊ ဒေါ်ဖြူဖြူဝင်း(၁၃/လရန(နိုင်)၁၀၆၁၅၄)၊ ဒေါ်မီမီဝင်း(၁၃/လရန(နိုင်)၁၃၆၁၅၀)၊ ဒေါ်ခင်ခင်(ခ)ခင်ဖြိုးဝေ(၁၃/လရန(နိုင်)၁၃၅၉၉၅)တို့၏(GPရရှိသူ ဦးမောင်မောင်လှ(ခ)မောင်လှ)၊ ဒေါ်ချိုချိုဝင်း(၁၃/လရန(နိုင်)၀၀၁၂၇၅)တို့က အမှုတွဲအမှတ်(၅၇၆၄/၂၀၂၅-၂၀၂၆)ဖြင့် သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ပျောက်ဆုံးကြောင်း

ဦးအောင်သူ(ဘ)ဦးမောင်မောင်စု နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/မရမ(နိုင်)၀၁၅၄၄၉) ကိုင်ဆောင်သူ၏ Passport No. မမှတ်မိသည် ပျောက်ဆုံးနေပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

**ဦးအောင်သူ ဖုန်း ၀၉-၂၅၉၁၂၀၆၇၉**

## ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ အကွက်အမှတ်(အ-၃)၊ ဦးပိုင်အမှတ်(၁)၊ လမ်း၇၀နှင့် ၇၁လမ်းကြား၊ ၁၁၇လမ်းနှင့် ၁၁၈လမ်းကြားရှိ ဦးကျော်ဆွေ(ခ)ရှိကျင်လုံအမည်ပေါက်ဂရန်မြေကွက်အား အမွေဆက်ခံစာချုပ်အမှတ်(၂၂၇၉/၂၀၂၄)ဖြင့် အမွေဆက်ခံခဲ့သော ဒေါ်ဝင်းမြင့်ကြည်(၁၃/လရန(နိုင်)၀၈၇၆၂၃)၊ ဒေါ်ကြည်ကြည်ဝင်း(၁၃/လရန(နိုင်)၀၀၁၂၇၆)၊ ဒေါ်ဖြူဖြူဝင်း(၁၃/လရန(နိုင်)၁၀၆၁၅၄)၊ ဒေါ်မီမီဝင်း(၁၃/လရန(နိုင်)၁၃၆၁၅၀)၊ ဒေါ်ခင်ခင်(ခ)ခင်ဖြိုးဝေ(၁၃/လရန(နိုင်)၁၃၅၉၉၅)တို့၏(GPရရှိသူ ဦးမောင်မောင်လှ(ခ)မောင်လှ)၊ ဒေါ်ချိုချိုဝင်း(၁၃/လရန(နိုင်)၀၀၁၂၇၅)တို့က အမှုတွဲအမှတ်(၅၇၆၁/၂၀၂၅-၂၀၂၆)ဖြင့် သက်တမ်းတိုး၊ အမည်ပြောင်းလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ အကွက်အမှတ်(အ-၃)၊ ဦးပိုင်အမှတ်(၂)၊ လမ်း၇၀နှင့် ၇၁လမ်းကြား၊ ၁၁၇လမ်းနှင့် ၁၁၈လမ်းကြားရှိ ဦးကျော်ဆွေ(ခ)ရှိကျင်လုံအမည်ပေါက်ဂရန်မြေကွက်အား အမွေဆက်ခံစာချုပ်အမှတ်(၂၂၇၉/၂၀၂၄)ဖြင့် အမွေဆက်ခံခဲ့သော ဒေါ်ဝင်းမြင့်ကြည်(၁၃/လရန(နိုင်)၀၈၇၆၂၃)၊ ဒေါ်ကြည်ကြည်ဝင်း(၁၃/လရန(နိုင်)၀၀၁၂၇၆)၊ ဒေါ်ဖြူဖြူဝင်း(၁၃/လရန(နိုင်)၁၀၆၁၅၄)၊ ဒေါ်မီမီဝင်း(၁၃/လရန(နိုင်)၁၃၆၁၅၀)၊ ဒေါ်ခင်ခင်(ခ)ခင်ဖြိုးဝေ(၁၃/လရန(နိုင်)၁၃၅၉၉၅)တို့၏(GPရရှိသူ ဦးမောင်မောင်လှ(ခ)မောင်လှ)၊ ဒေါ်ချိုချိုဝင်း(၁၃/လရန(နိုင်)၀၀၁၂၇၅)တို့က အမှုတွဲအမှတ်(၅၇၆၂/၂၀၂၅-၂၀၂၆)ဖြင့် သက်တမ်းတိုး၊ အမည်ပြောင်းလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ချမ်းမြသာယာရပ်ကွက်၊ အကွက်အမှတ်(၉၀၇ င/၄၁၀)၊ ဦးပိုင်အမှတ်(၁၇)၊ ရန်-မန်းလမ်းအနောက်ဘက်၊ ကျွဲဆည်ကန်(၂)လမ်းပေါ်ရှိ ဂရန်မြေကွက်အမည် ပေါက်သူ ဦးမောင်မောင်(၉/မရတ(နိုင်)၀၇၄၆၇၀)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်အမှတ်(လ-၃)၊ ဦးပိုင်အမှတ်(၃/၅)၊ ၇၂လမ်းနှင့် ၇၃လမ်းကြား၊ ၁၁၃လမ်းနှင့် ၁၁၄လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်အေးရွှင်(ခ)ရီရီမြင့်(၉/မရမ(နိုင်)၀၇၄၇၄၃)၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၆၀၈၆/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးဝေဖြိုးအောင်(၈/မမန(နိုင်)၁၃၆၉၆၉)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ အောင်နန်းရိပ်သာအရှေ့ရပ်ကွက်၊ အကွက်အမှတ်(၅၅၈)၊ ဦးပိုင်အမှတ်(၆၆)၊ ၃၃လမ်းနှင့် ၃၄လမ်းကြား၊ ၈၂လမ်းနှင့် ၈၃လမ်းကြားရှိ ဘိုးဘမြေကွက်အမည်ပေါက်သူ ခင်ပွန်းဦးတင်အုံးကွယ်လွန်၍ ဇနီးဒေါ်ညိမ်းရင်(ခ)ငြိမ်းရင်က အမွေဆက်ခံခဲ့ပြီး ဒေါ်ညိမ်းရင်မှ ကိတ္တိမမွေးစားစာချုပ်အမှတ်(၂၅/၂၀၀၈)ဖြင့် မောင်စိုးနိုင်ဟိန်း၊ မောင်ရန်နိုင်ဟိန်းတို့အား မွေးစားခဲ့ပါသည်။ မွေးစားမိခင်ဒေါ်ညိမ်းရင်(ခ)ငြိမ်းရင်(၉/မရတ(နိုင်)၀၄၄၅၈၄)ထံမှ အပေးစာချုပ်အမှတ်(၂၀၅၂/၂၀၀၈)ဖြင့် ပိုင်ဆိုင်ခဲ့ကြသော မွေးစားသားများဖြစ်သည့် ဦးစိုးနိုင်ဟိန်း(၉/ခအစ(နိုင်)၀၂၄၇၄၂)၊ ဦးရန်နိုင်ဟိန်း(၉/ခအစ(နိုင်)၀၂၅၉၉၉)တို့က မှတ်ပုံတင်စာချုပ်စာတမ်းများ တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ အနိပ်တော်ရပ်ကွက်၊ အကွက်အမှတ်(၄၁၇/၅၁)၊ ဦးပိုင်အမှတ်(၆၀)၊ ၅၈လမ်းနှင့် မြို့ပတ်လမ်းကြား၊ ၁၉လမ်းနှင့် ၂၂လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်သန်းသန်းအေးထံမှ အရောင်းအဝယ်စာချုပ်အမှတ်(၈၉၁/၂၀၀၅)ဖြင့် ဝယ်ယူခဲ့သူ ဦးမြင့်ကိုကို၏(SPရရှိသူ ဦးခင်မောင်ဝမ်း)ထံမှ အရောင်းအဝယ်စာချုပ်အမှတ်(၁၁၄၁/၂၀၂၀)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်အိသက်ဖြိုး(၁၀/မဒန(နိုင်)၁၃၃၁၀၆)က မီးလောင်ပြင်မြေနေရာအား ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံစာတင်ပြ၍ အမှုတွဲအမှတ်(၅၈၁၀/၂၀၂၅-၂၀၂၆)ဖြင့် သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ည)ရပ်ကွက်၊ အကွက်အမှတ်(လလ-၈၂)၊ ဦးပိုင်အမှတ်(၈)၊ ၄၉လမ်းနှင့် လမ်း၅၀ကြား၊ ၁၄၁လမ်းနှင့် ၁၄၂လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးသန်းမြင့်(၉/မနတ(နိုင်)၀၆၃၇၄၀)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ဖ-၃)၊ ဦးပိုင်အမှတ်(၆၂)၊ လမ်း၁၁၀နှင့် ၁၁၁လမ်းကြား၊ ၅၇လမ်းနှင့် ၅၈လမ်းကြားရှိ ဦးမြသိန်းအမည်ပေါက်ဂရန်မြေကွက်အား ဖခင်ဦးမြသိန်း၊ မိခင်ဒေါ်မြမြ၊ သမီးဒေါ်မြင့်မြင့်ကြည်တို့ကွယ်လွန်၍ ကျန်ရစ်သူသားမက်နှင့် သားသမီးများဖြစ်ကြသော ဦးခင်မောင်လတ်(၉/မရမ(နိုင်)၀၃၁၈၅၇)၊ ဒေါ်မြင့်မြင့်ရီ(၉/မရမ(နိုင်)၀၁၅၈၂၀)၊ ဦးမိုးသိန်း(၉/မရမ(နိုင်)၀၁၅၆၀၁)၊ ဒေါ်လှလှဝင်း(ခ)လှလှသင်း(၉/မရမ(နိုင်)၀၁၅၅၂၇)၊ ဒေါ်ဥမ္မာခင်(၉/မရမ(နိုင်)၀၁၅၆၀၇)၊ ဒေါ်ငွေးငွေးကြွယ်(၉/မရမ(နိုင်)၀၀၀၈၆၄)တို့က ဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ဟေမာဇလရပ်ကွက်၊ အကွက်အမှတ်(၆၀၉)၊ ဦးပိုင်အမှတ်(၈)၊ ၂၆လမ်း၊ ၇၆လမ်းနှင့် ၇၇လမ်းကြားရှိ ဦးတင်အေးအမည်ပေါက်ဘိုးဘမြေကွက်အား ခင်ပွန်းဦးတင်အေးကွယ်လွန်၍ ကျန်ရစ်သူဇနီးနှင့် သားသမီးများဖြစ်ကြသော ဒေါ်တင်ရီ(၉/မရမ(နိုင်)၀၂၁၀၄၈)၊ ဦးတင်ကိုကို(၉/မရမ(နိုင်)၀၃၀၀၅၂)၊ ဒေါ်တင်မိုးမိုး(၉/မရမ(နိုင်)၀၀၁၇၄၆)၊ ဒေါ်တင်မျိုးမျိုး(၉/မရမ(နိုင်)၀၈၂၉၈၈)၊ ဦးတင်ညီညီ(၉/မရမ(နိုင်)၀၈၂၉၈၉)တို့က အမည်ပေါက်မြေပုံ၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးပျော်ဘွယ်အရှေ့ရပ်ကွက်၊ အကွက်အမှတ်(၂၅၈)၊ ဦးပိုင်အမှတ်(၂၆)၊ ၈၆လမ်း၊ ၃၁လမ်းနှင့် ၃၂လမ်းကြားရှိ ဘိုးဘမြေကွက်အမည်ပေါက်သူ ဦးတင်လှိုင်ဝင်း(၉/အမရ(နိုင်)၀၆၉၇၄၁)၊ ဒေါ်ခင်မျိုးသန့်(၉/မကန(နိုင်)၀၇၂၈၉၁)တို့က ဘိုးဘစာအုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်အမှတ်(လ-၃)၊ ဦးပိုင်အမှတ်(၃/၁၄)၊ ၇၂လမ်းနှင့် ၇၃လမ်းကြား၊ ၁၁၃လမ်းနှင့် ၁၁၄လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်အေးရွှင်(ခ)ရီရီမြင့်(၉/မရမ(နိုင်)၀၇၄၇၄၃)၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၆၀၈၇/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးဝေဖြိုးအောင်(၈/မမန(နိုင်)၁၃၆၉၆၉)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ မဟာအောင်မြေအနောက်ရပ်ကွက်၊ အကွက်အမှတ်(၅၂၅)၊ ဦးပိုင်အမှတ်(၂၁-က)၊ ၃၈လမ်းနှင့် ၃၉လမ်းကြား၊ ၈၄လမ်းနှင့် ရွှေတချောင်း(၈၅)လမ်းကြားရှိ ဦးလှဖေ၊ မသိန်းဝင်း(ခ)ထိန်ထိန်ဝင်း၊ မစိန်စိန်ဝင်းအမည်ပေါက်ဘိုးဘမြေကွက်အား ဖခင်ဦးလှဖေ၊ မိခင်ဒေါ်နန်းရွှေဥ၊ သမီးဒေါ်သိန်းဝင်း(ခ)ထိန်ထိန်ဝင်း(အပျိုဘဝ)တို့ကွယ်လွန်၍ ကျန်ရစ်သူပူးတွဲအမည်ပေါက်သော သမီးဒေါ်စိန်စိန်ဝင်း(၉/မရတ(နိုင်)၀၅၂၂၆၈)က အမည်ပေါက်မြေပုံ၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးမျက်မှန်ရပ်ကွက်၊ အကွက်အမှတ်(၈၀၀)၊ ဦးပိုင်အမှတ်(၅၇)၊ ၂၈လမ်း၊ ၆၃လမ်းထောင့်ရှိ ဦးအောင်မြင့်၊ ဒေါ်ယဉ်ယဉ်မေ အမည်ပေါက်ဂရန်မြေကွက်အား ဇနီးဒေါ်ယဉ်ယဉ်မေကွယ်လွန်၍ ကျန်ရစ်သောပူးတွဲအမည်ပေါက်သူ ခင်ပွန်းဦးအောင်မြင့်(၉/မရမ(နိုင်)၀၅၄၁၁၇)က ဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(စစ-၇)၊ ဦးပိုင်အမှတ်(၁၆၇-ခ)၊ ၅၃လမ်းနှင့် ၅၄လမ်းကြား၊ ၁၀၅လမ်းနှင့် ၁၀၆လမ်းကြားရှိ တောဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ခင်မာ၏(GPရရှိသူ ဒေါ်တင်ဇာဦး)ထံမှ အရောင်းအဝယ်စာချုပ်အမှတ်(၂၁၆၈/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ဇင်မာဦး(၁/မညန(နိုင်)၀၇၇၄၉၃)က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ်(၅၇၇၇/၂၀၂၅-၂၀၂၆)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၁)ရပ်ကွက်၊ အကွက်အမှတ်(ဏ-၈)၊ ဦးပိုင်အမှတ်(၂၅-က)၊ ၆၂(အေ)လမ်း၊ ၁၀၆လမ်းနှင့် ၁၀၇လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဗိုလ်မှူးကြီးအောင်စိုး၏(SPရရှိသူ ဦးမောင်မောင်လွင်)ထံမှ အရောင်းအဝယ်စာချုပ်အမှတ်(၂၅၃၁/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သူ ဦးဇော်လင်းကွယ်လွန်၍ အမွေဆက်ခံစာချုပ်အမှတ်(၂၆၀၄/၂၀၂၅)ဖြင့် အမွေဆက်ခံခဲ့သော ဇနီးဖြစ်သူ ဒေါ်ချိုချိုဝင်း(၅/မရန(နိုင်)၀၀၂၀၈၀)က အမှုတွဲအမှတ်(၅၇၅၈/၂၀၂၅-၂၀၂၆)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ဒေါနဘွားရပ်ကွက်၊ အကွက်အမှတ်(၆)၊ ဦးပိုင်အမှတ်(၂၃)၊ ၁၇လမ်းနှင့် ၁၈လမ်းကြား၊ ၆၃လမ်းနှင့် ၆၄လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒုဗိုလ်မှူးကြီးလှအောင် ကွယ်လွန်၍ အမွေဆက်ခံစာချုပ်အမှတ်(၈၅/၂၀၂၆)ဖြင့် အမွေဆက်ခံခဲ့သော သမီးဖြစ်သူ ဒေါ်သိမ့်သိမ့်ဇင်(၁၂/လကန(နိုင်)၁၈၂၄၇၉)က အမှုတွဲအမှတ်(၅၇၇၈/၂၀၂၅-၂၀၂၆)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ခခ-၂)၊ ဦးပိုင်အမှတ်(၅၂)၊ ၅၈လမ်းနှင့် ၅၉လမ်းကြား၊ ၁၀၂လမ်းနှင့် ၁၀၃လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်သန်းသန်းစိန်ထံမှ အရောင်းအဝယ်စာချုပ်အမှတ်(၃၂၄၆/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်အိအိလွင်ထံမှ အရောင်းအဝယ်စာချုပ်အမှတ်(၁/၂၀၂၆)ဖြင့် ဝယ်ယူခဲ့သူ ဦးထွန်းနိုင်(ခ)အားစိမ်း(၁၃/လရန(နိုင်)၁၈၈၂၇၁)က အမှုတွဲအမှတ်(၅၇၆၀/၂၀၂၅-၂၀၂၆)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

❖ နိုင်ငံတစ်နိုင်ငံတည်ငြိမ်အေးချမ်းရေးနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူ တစ်ဦးချင်းစီ၏ အသိပညာ၊ အတတ်ပညာ၊ အတွေးအခေါ်၊ ဗဟုသုတပြည့်ဝစေခြင်းဖြင့် အမျိုးသား ပညာရေးကို မြှင့်တင်ပေးရမည်ဖြစ်ပါသည်...

❖ ပညာရေးမှ ရရှိလာသည့် စဉ်းစားဆင်ခြင်သုံးသပ်နိုင်စွမ်းနှင့် ပြဿနာကို ဖြေရှင်းနိုင်စွမ်းကလည်း နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ ကာကွယ်ရေး၊ စီးပွားရေး၊ လူမှုရေးစသည့် နယ်ပယ်အသီးသီးတွင် များစွာ အထောက်အကူပြုသော ပင်ကိုအရည်အချင်းများပင်ဖြစ်...

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက်နေ့တွင် ကျရောက်သော (၁၀၅) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော် ရွှေသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

# တတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး စတင်ကျင်းပ

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌအဖြစ် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးအောင်လင်းဒွေး၊ ဒုတိယဥက္ကဋ္ဌအဖြစ် ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ Jeng Phang နော်တောင်တို့အား ရွေးကောက်တင်မြှောက်

နေပြည်တော် မတ် ၁၈

တတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး ပထမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်အစည်းအဝေးခန်းမ၌ စတင်ကျင်းပသည်။

အစည်းအဝေးသို့ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ရွေးကောက်ခံ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များနှင့် တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

**သဘာပတိအဖြစ်တင်မြှောက်**

ဦးစွာ အစည်းအဝေးသို့ တက်ရောက်လာကြသည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့ ရွေးကောက်တင်မြှောက်ခြင်းပြီးသည်အထိ အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲနိုင်ရန် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဇော်မြင့်က ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်ခွဲဘူအား သဘာပတိအဖြစ် အဆိုတင်သွင်းပြီး ပဲခူးတိုင်းဒေသကြီးမဲဆန္ဒနယ် အမှတ်(၂)မှ ဒေါ်နီနီမာက ထောက်ခံသည့်အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်ခွဲဘူကို သဘာပတိအဖြစ်တင်မြှောက်ကြောင်း အခမ်းအနားမှူးက ကြေညာသည်။

စာမျက်နှာ ၅ သို့ ❖




တတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး ပထမနေ့ကျင်းပစဉ်။

# Myanmar National League 2025-2026 ပြိုင်ပွဲတွင် ရှမ်းယူနိုက်တက်အသင်း ပိုလ်စွဲ အမှတ်ပေးချန်ပီယံဆုကို (၇)ကြိမ်မြောက် ရရှိခြင်းဖြစ်




ရန်ကုန် မတ် ၁၈

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ မြန်မာနေရှင်နယ်လိဂ်ကော်မတီက ကြီးမှူးကျင်းပခဲ့သည့် Myanmar National League 2025-2026 အမှတ်ပေးဘောလုံးပြိုင်ပွဲ၏ ရာသီပိတ်နောက်ဆုံးပွဲစဉ်များကို ယနေ့ ညနေက ရန်ကုန်မြို့ YUSC ကွင်းတွင် ရန်ကုန်ယူနိုက်တက်နှင့် ဒဂုံစတားယူနိုက်တက်၊ တောင်ကြီးမြို့ ပြည်နယ်အားကစားကွင်းတွင် ရှမ်းယူနိုက်တက်နှင့် ဟံသာဝတီယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြပြီး အမှတ်ပေးပွဲစဉ်များအပြီးတွင် ရှမ်းယူနိုက်တက်အသင်းက ချန်ပီယံဆုကို ရရှိခဲ့သည်။

ယနေ့ပွဲစဉ်များမတိုင်မီ အဆင့်(၁)နေရာမှ ရှမ်းယူနိုက်တက်အသင်းနှင့် အဆင့်(၂)နေရာမှ ရန်ကုန်ယူနိုက်တက်အသင်းတို့အကြား ရမှတ်ကွာဟချက် တစ်မှတ်သာ ရှိနေခြင်းကြောင့် ပွဲစဉ်များအား တစ်ချိန်တည်း ယှဉ်ပြိုင်ကစားစေခဲ့ပြီး ဆုပေးပွဲ အခမ်းအနားကိုပါ သက်ဆိုင်ရာ YUSC နှင့် တောင်ကြီးကွင်းများတွင် ကြိုတင်ပြင်ဆင်မှုများပြုလုပ်ထားခဲ့သည်။

ယနေ့ပွဲစဉ်ရလဒ်များတွင် ရန်ကုန်ယူနိုက်တက်အသင်းက ဒဂုံစတားယူနိုက်တက်အသင်းကို လေးဂိုးပြတ်ဖြင့်လည်းကောင်း၊ ရှမ်းယူနိုက်တက်အသင်းက ဟံသာဝတီယူနိုက်တက်အသင်းကို တစ်ဂိုး၊ ဂိုးမရှိဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ပြီး ရှမ်းယူနိုက်တက်အသင်းက ရမှတ်(၅၈)မှတ်ဖြင့် ချန်ပီယံဆုကို ရှုံးပွဲမရှိစံချိန်ဖြင့် ရရှိသွားခဲ့သည်။

စာမျက်နှာ ၅ သို့ ✡